ဓမ္မမိတ်ဆွေများအသင်း ဓမ္မဂျာနယ်

# ဝါဆိုဦး

စာစောင် အမှတ်စဉ်(၁၁)



ဓမ္မမိတ်ဆွေများအသင်းမှထုတ်ဝေသည်။

July 25, 2010. Sunday

# ဓမ္မမိတ်ဆွေများအသင်း ဓမ္မဂျာနယ်

# ဝါဆိုဦး စာစောင်

အမှတ်စဉ်(၁၁)

July 25, 2010. Sunday

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဓမ္မမိတ်ဆွေများအသင်း၏ ယုံကြည်ချက်နှင့်အဓိဋ္ဌာန် | | ခ |
| ၂။ | ဂါရဝေါ စ နိဝါတော စ (သို့)နွေးထွေးကြင်နာဆွေးနွေးပါ | မင်းကွန်းတိပိဋကဓရဆရာတော်ကြီး | ဂ |
| ၃။ | ၂၀၁၀-ခုနှစ် ပထမ ၆-လပတ် ရ-သုံးငွေ စာရင်းချုပ် | | ဃ |
| ၄။ | ဝါဆိုသင်္ကန်းအလှူ | မစိုးရိမ်ဆရာတော်ကြီး | ၆ |
| ၅။ | ဆေးစက်ကျရာအရုပ်ထင်စေဖို့ | အရှင်ကောသလ္လ(မစိုးရိမ်) | ၁၀ |
| ၆။ | အရဟံ ဇယ ဂါထာတော်ကြီး | | ၁၁ |
| ၇။ | ဆုတောင်းခြင်း,အမျှဝေခြင်းနှင့်ရေစက်ချခြင်းဟူသည် | အရှင်ကေလာသ (မစိုးရိမ်) | ၁၂ |
| ၈။ | ရှေးမူမပျက် ရှေးသို့ဆက်ကြစို့ | အရှင်တေဇနိယ (မစိုးရိမ်) | ၂၀ |
| ၉။ | မောင်ဖြူ မောင်မဲ | မစိုးရိမ်ဆရာတော်ကြီး | ၂၅ |
| ၁၀။ | မေတ္တာတွေပေးကြမယ် | မောင်ပညာ (မန်းတက္ကသိုလ်) | ၂၆ |
| ၁၁။ | အကောင်းမြင်ဝါဒ ကျင့်သုံးကြ | အရှင်ကေလာသ (မစိုးရိမ်) | ၂၉ |
| ၁၂။ | မိတ်ကောင်းရှိက ကောင်းကျိုးရ | ခင်သက်တင် (ပညာရေး) | ၃၀ |
| ၁၃။ | စာရေးနည်းများ (အပိုင်း-၃) | အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်) | ၃၄ |
| ၁၅။ | ၂၀၁၀-ခုနှစ် ပထမ ၆-လပတ် အလှူရှင်များစာရင်း | | |


သဗ္ဗဒါနံဓမ္မဒါနံဇိနာတိ။အလှူတကာတို့တွင်တရားအလှူသည်အမွန်မြတ်ဆုံးဖြစ်သည်။

## ဓမ္မမိတ်ဆွေများအသင်း၏ ယုံကြည်ချက်နှင့် အဓိဋ္ဌာန်

ဤဓမ္မမိတ်ဆွေများအသင်းကို ၁၉၉၉–ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့တွင် တည်ထောင်ခဲ့သည်။ ကျွန်ုပ်တို့အသင်းသူ၊အသင်းသားများသည်ဓမ္မမိတ်ဆွေများအသင်း၏အဖွဲ့ဝင်များဖြစ်သည့်အလျောက် ဖော်ပြပါယုံကြည်ချက်ကိုလက်ကိုင်ထား၍အဓိဋ္ဌာန်ပြုပါသည်။

၁။အသင်းသူ၊အသင်းသားများနှင့်မြန်မာမိသားစုများသည်ဗုဒ္ဓဘာသာယဉ်ကျေးမှုအပေါ်ပိုမိုယုံကြည်နားလည်လာမည်ဟုယုံကြည်ခြင်း။

၂။ထေရဝါဒဗုဒ္ဓသာသနာသည်ပုဂ္ဂိုလ်စွဲဂိုဏ်းစွဲမထားပဲလွတ်လပ်စွာပြန့်ပွားလာမည်ဟုယုံကြည်ခြင်း။

၃။ဗုဒ္ဓဘုရားရှင်၏စစ်မှန်သောဓမ္မဒေသနာများကိုပိုမိုသဘောပေါက်လာမည်ဟုယုံကြည်ခြင်း။

၄။မြန်မာကလေးသူငယ်များမြန်မာ့စာပေနှင့်ယဉ်ကျေးမှုကိုမြတ်နိုး၍ထိန်းသိမ်းထားလိုသောမျိုးချစ်စိတ်တိုးပွားလာမည်ဟုယုံကြည်ခြင်း။

၅။ အသင်း၏ အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများသည် မည်သည့်အဖျက်အဆီး၊ အနှောက်အယှက်မျိုးကိုမဆိုရင်ဆိုင်ကျော်လွှားနိုင်မည်ဟူသောယုံကြည်ချက်ဖြင့်အသင်းတည်တန့်ခိုင်မြဲရေးနှင့် တိုးတက်အောင်မြင်ပြန့်ပွားရေးအတွက် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

ဤအသင်း၏တည်တန့်အောင်မြင်နိုင်ရေးအတွက်ဆက်လက်ပံ့ပိုးကြပါရန်အလုပ်အမှုဆောင်အဖွဲ့မှ လေးစားစွာပန်ကြားအပ်ပါသည်။

**ဓမ္မမိတ်ဆွေများအသင်း**

### အဓိဋ္ဌာန်

ငါတို့ဖြစ်ရဤလောကဝယ်
ဘဝသမိုင်းမရိုင်းစေရန်
စိတ်မာန်မချမာနမပါ
တိုးစွမ်းရာဖြင့်တို့သာသနာတို့ပြည်ရွာကို
သာယာစေမှုလို့လပြုအံ့။

## ဂါရဝေါ ● နိဝါတော ●

(သို့မဟုတ်)

# နွေးထွေးကြင်နာ ချွေးနွေးပါ

ဒကာကြီးရယ်
သဘောထားကွဲလွဲမှုဆိုတာက
ဓမ္မတာအတိုင်း
လူ့လောကမှာရှိတာမျိုးပေါ့၊
သူ့ဘက်ကိုယ့်ဘက်
ပြောစရာရှိတာတော့
ပြောကြရမှာပေါ့၊
ဒါပေမဲ့ငယ်သူကကြီးသူနဲ့
ပြောကြတဲ့အခါ
သဘောထားကွဲလွဲချက်ပင်
ဖြစ်စေကာမူ
ဂါရဝေါစနဲ့ပြောရတယ်။
ကြီးသူကလဲငယ်သူနဲ့
ပြောကြတဲ့အခါ
သဘောထားကွဲလွဲချက်ပင်
ဖြစ်စေကာမူ
ငါကအကြီးပဲဆိုပြီး
အထက်စီးနဲ့မပြောရဘူး၊
နိဝါတောစနဲ့ပြောရတယ်။

(မင်းကွန်း တိပိဋကဓရ
ဆရာတော်ကြီး)

(ဂါရဝေါ စ၊ ရိုသေထိုက်သူကို ရိုသေခြင်း၊ နိဝါတော စ၊ မိမိကိုယ်ကို နှိမ့်ချခြင်း။)

# မစိုးရိမ်သာသနဇောတိကကျောင်း

## ၂၀၁၀-ခုနှစ် ရ/သုံးငွေစာရင်းချုပ် (ပထမ ၆-လ)

## Dhamma Friends Association
## Masoeyein Sasana Jotika Buddhist Temple
## 2010- Lock up of Payments
## ( For First 6 months)

| No | Month | Mortgage | Con Edision | Cable Vision | Key Span | water board | Total |
|---|---|---|---|---|---|---|---|
| 1. | January | 2540.25 | 85.79 | 128.58 | 368.44 | - | 3123.06 |
| 2. | February | 2540.25 | 87.07 | 148.74 | 300.95 | - | 3077.01 |
| 3. | March | 2540.25 | 95.86 | 148.74 | 250.85 | 85.21 | 3120.91 |
| 4. | April | 2578.25 | 37.04 | 148.74 | 128.10 | - | 2892.13 |
| 5. | May | 2540.25 | 130.29 | 148.74 | 101.40 | - | 2920.68 |
| 6. | June | 2540.25 | 89.92 | 148.74 | 116.76 | - | 2895.67 |
| 7. | Paper (1.13.2010) | | | | | | 38.10 |
| 8. | Stamps (2.2.2010) | | | | | | 48.15 |
| 9. | Bounty & other (2.20.2010) | | | | | | 33.33 |
| 10. | Paper (4.6.2010) | | | | | | 84.00 |
| 11. | Donation for Sayartawgyee's memorialday 180+ (for taxi) 50 | | | | | | 230.00 |
| 12. | Plate (2-boxes) 68.00 | | | | | | 136.00 |
| 13. | Stamp | | | | | | 440.00 |
| | | | | | | | 19039.04 |

## 2010- Lock up of Receipts
## (For First 6 months)

| No | Month | Amount |
|---|---|---|
| 1. | January | 1530.00 |
| 2. | February | 6660.00 |
| 3. | March | 1668.00 |
| 4. | April | 6121.00 |
| 5. | May | 2195.00 |
| 6. | June | 2278.00 |
| Total = | | 20452.00 |

# ဝါဆိုသင်္ကန်းအလှူ

မစိုးရိမ်ဆရာတော်ကြီး

ဗုဒ္ဓုပ္ပါဒေါ အယံ ဒါနိ၊ ဓမ္မော လောကေသု ဒိပ္ပတိ။
ဗုဒ္ဓပုတ္တာ စ လောကသ္မိံ၊ ဝတ္တန္တိ ဂုဏသာဂရာ။

ခဏော ကာမံ မယာ လဒ္ဓေါ၊ ကြဒါနတ္တာန မုဒ္ဓရေ။
သံသာရေသု နိမုဂ္ဂါဟံ၊ ကဒါ သီသံ သမုက္ခိပေ။

ဒုက္ခေနုပ္ပါဒိတံ ဇကံ၊ သာဋ္ဌကံ မမ ဝိဇ္ဇတိ။
တေန ဒါနိ ကရိဿာမိ၊ ပတိဋ္ဌံ ဘဝသာဂရေ။

(မစုရ,ရသဝါဟိနီဝတ္ထု၊၁၅၈)

ခုနက ရွတ်လိုက်တဲ့ စာပိုဒ်သုံးခုကို ပါဠိလို ဂါထာလို့ ခေါ်ပါတယ်။ မြန်မာလိုကတော့ ကဗျာသုံးပုဒ် ပါဘဲ။ ကဗျာတို့ သီချင်းတို့ဆိုတာ စိတ်မှာ ပျော်ပျော် ရွှင်ရွှင် ကြည်ကြည်လင်လင် ဖြစ်နေတဲ့ အခါမျိုးမှာ အသံထွက်ပြီးတော့လည်း ဆိုကြပါတယ်။ တခါတရံ စိတ်ထဲကနေပြီး သီချင်းလေးကဗျာလေး ငြီးတတ်ပါ တယ်။ ခုနကပါဠိကဗျာ သုံးပုဒ်ကို ဘယ်သူဆိုနေသလဲ၊ ဘယ်နည်းဘယ်ပုံဆိုသလဲလို့ ဒကာ ဒကာမများ သိချင် ကြပေလိမ့်မယ်။ ဒီသီချင်းကို ဆိုနေသူကတော့ အမျိုး သမီးကလေး တစ်ဦးဖြစ်ပါတယ်။ သူ့နာမည်ကတော့ ဓမ္မာတဲ့။ သီဟိုဠ်ကျွန်းမှာ သဒ္ဓါတိဿမင်းကြီး ထီးနန်း အုပ်ချုပ် မင်းလုပ်စိုးစံစဉ်အခါ ဓမ္မာဆိုတဲ့ အမျိုးသမီး ကလေးဟာ သိဝရွာသူလေး တစ်ယောက်ပါဘဲ။ အဲဒီ ဓမ္မာဆိုတဲ့ အမျိုးသမီးကလေးမှာ မိဘလဲ မရှိရှာဘူး။ သနားစရာကောင်းလောက်အောင် ဆင်းရဲပါတယ်။

အရှက်ကျင်း အလင်းရောက်ကတည်းက အလုပ်နဲ့လက် မပြတ်ရအောင် လုပ်ရတယ်။ သူ့ရဲ့ အရွယ်နဲ့ သူ့ရဲ့ရုပ်ရည်နဲ့မလိုက်အောင် ထင်းခွေရေခပ် စပါးထောင်းရ ဖွတ်ထုပြာရ တီးရတယ်။ ဒါတင် မကသေးဘူး- နွားချေးနဲ့ ကောက်နယ်သလင်းကိုလည်း ညီညွှတ်အောင် လိမ်းကျံရတယ်။ အရွယ်နဲ့မလိုက် အောင်ဘဲ အဲဒီလိုဆင်းဆင်းရဲရဲ အသက်မွေးဝမ်း ကြောင်း ပြုရတယ်။

အဲဒီလို ပင်ပင်ပန်းပန်း အသက်မွေးဝမ်းကြောင်း ပြုနေရတဲ့အထဲက ခုနက ဘုန်းကြီးရွတ်လိုက်တဲ့ ပါဠိ သီချင်းသုံးပုဒ်ကို ဓမ္မာဆိုတဲ့ အမျိုးသမီးကလေးဟာ စိတ်ထဲကနေပြီး သီဆိုညီးညူနေလေ့ရှိပါတယ်။ အင်မတန် ဆင်းရဲလှတဲ့ သူ့ဘဝကိုကြည့်ပြီး ဘဝ အခြေခံပြီး အသဲနှလုံးထဲကပေါ်ထွက်လာတဲ့ သီချင်း ဆိုရင်လဲ မမှားပါဘူး။

ဒီသီချင်းသုံးပုဒ်ရဲ့ အဓိပ္ပါယ်ကို ရှင်းရအောင် --(ပါဠိသုံးပုဒ် ပြန်ရွတ်သည်)

၁။ ဒါနိ-ဣဒါနိ၊ ဤယခုအခါ၌။ အယံ ကာလော၊ ဤအခါသည်ကား။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားပွင့်တော်မူရာ အခါကောင်း အခွင့်ကောင်းကြီးပါပေတည်း။ လောကေသု၊ လောကသုံးရပ် ဘုံသုံးထပ်တို့၌။ ဓမ္မော၊ သူတော်ကောင်းတရား မြတ်သည်။ ဒိပ္ပတိ၊ ထွန်းလင်းတောက်ပပါပေ၏။ လောကသ္မိံ၊ လူပြည် လောကဘုံဌာန၌။ ဂုဏသာဂရာ၊ ပင်လယ်သမုဒ္ဒရာ ပမာတူငြား များစွာဂုဏ်ရှိကြပေကုန်သော။ ဗုဒ္ဓပုတ္တာစ၊ ဘုရားရှင်၏ ရင်နှစ်သည်းချာပမာ များစွာသောင်း သောင်း သံဃာတော်မြတ်အပေါင်းတို့သည်။ ဝတ္တန္တိ၊ သင်္ကန်းအရောင် တပြောင်ပြောင်ဖြင့် လူလယ်ခေါင်တွင် ထင်လင်း ဖြစ်တော်မူကြပါပေကုန်၏။

၂။ မယာ၊ ငါသည်။ ခဏော၊ လူ့အဖြစ် လူ့ဘဝ လူ့ခဏ လူ့အခွင့်အရေးကို။ ကာမံလဒ္ဓေါ၊ အတိတ်ကံ ပစ်ချလို့ စင်စစ်ရအပ်ပါပေပြီ။ ဣဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ သံသာရေသု၊ ဘဝများစွာ သံသရာတို့၌။ နိမုဂ္ဂါ၊ နစ်မွန်းခြင်းမှ။ ဥဒ္ဓရေ၊ လုံးလမယုတ် လွန်ကြိုးကုတ်၍ ထုတ်ဆောင်ရသော်

ကောင်းချေ၏။ ကဒါ၊ ဘယ်ခါကာလ ဘယ်ချိန်ကျမှ။ သီသံ သမုက္ခိပေ၊ သူများနည်းတူ ခေါင်းကို ထူနိုင်ပါ အံ့နည်း။

၃။ ဒုက္ခေန၊ အရုဏ်ကျင်းလို့ အလင်းရောက်က တည်းက ဆင်းရဲလှစွာဖြင့်။ ဥပ္ပါဒိတံ၊ ထင်းခွေ,ရေခပ်, ဆန်ဖွတ်,မောင်းထောင်း လူအပေါင်းတို့ ခိုင်းသမျှ ချွေး ဒီးဒီးကျကာမှ ရလာသော။ ဧကေသာဋကံ၊ လုပ်အား တန်ဖိုး တစ်ထည်တည်းသော ပုဆိုးသည်။ မမ-ဝိဇ္ဇတိ၊ အကယ်တိတိ ငါ့မှာရှိပါ၏။ တေန၊ လုပ်အားတန်ဖိုး ထိုပုဆိုးဖြင့်။ ဒါနိ၊ ယခု။ ဘဝသာဂရေန၊ ဘဝသံသရာ သမုဒ္ဒရာထဲ၌။ ပတိဋ္ဌ၊ ထောက်ရာတည်ရာ မှီခိုရာကို။ ကရိဿာမိ၊ ဘာကိုမျှ မထောက်ထား စွန့်စွန့်စားစား ငါကား ပြုပေတော့အံ့။

၄။ ဣတိ၊ ဤသို့။ ဓမ္မာ၊ ဓမ္မာဆိုတဲ့အမျိုးသမီး ကလေးသည် စိန္တယ၊ သမ္မာဉာဏ်ဖြင့် ကြံစည်မိလေပြီ။ စိန္တယိတွာန၊ ကြံပြီး၍။ တဒါ၊ ထိုအခါ၌။ ဒါနဿ၊ အလှူကောင်းမှု၏။ မဟပ္ဖလံ၊ များမြတ်ကြီးကျယ်သော အကျိုးရှိသည်ကို။ သဒ္ဒဟန္တိ၊ ယုံကြည်ခြင်းရှိသော။ ဓမ္မာ၊ ဓမ္မာအမည်ရှိသော။ သာ၊ ထိုသူဆင်းရဲမသည်။ သံဃံ၊ သံဃာတော်ကို။ ဥဒ္ဒိဿ၊ ရည်ညွှန်း၍။ သဒ္ဓါယ၊ သဒ္ဓါ ယုံကြည်ခြင်းဖြင့်။ တံ၊ ထိုဆင်းရဲငြိုငြင် ပင်ပန်းစွာ သူတစ်ပါးထံ အခစားလုပ်ကိုင်ရှာဖွေနိုင်မှရလာသော တစ်ထည်တည်းသော အဝတ်ကို။ အဒါသိ၊ လှူဒါန်း လေ၏။

အမျိုးသမီးကလေးစိတ်ထဲက ကြံစည်ပြီး ငြီးညူ ရွတ်ဆိုနေတဲ့သီချင်းသုံးပုဒ်ရဲ့ အဓိပ္ပါယ်ကတော့ ဒီလိုပါ။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘောဆိုတဲ့အတိုင်း ဘုရား သာသနာနှင့်ကြုံဘို့ဆိုတာ အလွန်ဘဲခဲရင်းပါတယ်။ အဲဒီ ခဲရင်းတဲ့ ဘုရားသာသနာနဲ့ ငါယခု တွေ့ကြုံနေ ရတယ်။

ဘုရားသာသနာနဲ့ တွေ့ကြုံနေယုံမျှမကသေး လောကသုံးရပ် ဘုံသုံးထပ်မှာ ဘဝဂ်ချုံးအောင် ထွန်းလင်းတောက်ပတဲ့ သူတော်ကောင်းဓာတ် တရား မြတ်နဲ့လည်း တွေ့နေရတယ်။

သူတော်ကောင်းဓာတ် တရားမြတ်ကို ကျင့်နေ တဲ့ ဘုရားသားတော်အပေါင်း သူတော်ကောင်းတွေ ဟာလဲ လူ့ပြည်လောက လူ့ဘဝမှ ကာသာဝ ပဇ္ဇောတာ ဆိုတဲ့အတိုင်း သင်္ကန်းရောင်ဖြင့် တပြောင် ပြောင် ထွန်းလင်းတောက်ပလျက် ရှိပါတယ်။ အဲဒီ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါး ပွင့်ထွန်း ပေါ် ပေါက်နေတဲ့ အခွင့်ကောင်း အခါကောင်းမှာ ငါကိုယ် တိုင်ကလဲ အလွန်ရခဲတဲ့ လူ့ဘဝကို ရနေတယ်။ ဒီအချိန် ဒီအခါမျိုးကာလမှာ ငါ့ကိုယ်ငါ ဘဝသံသရာထဲက ဆွဲ မထုတ်နိုင်ရင် ဘယ်ခါကာလ ဘယ်အချိန်ကျမှ ခေါင်း မော်နိုင်တော့မှာလဲ၊ ဒီသံသရာထဲက ငါ့ကိုယ်ငါ ဆွဲ ထုတ်ရရင် ကောင်းမှာဘဲ။ ဒီအမျိုးသမီးကလေးက စိတ်ထဲကကြံပြီးတော့ ပါဠိသီချင်းလေးကို ဆိုနေတယ်။

ဒါတင်မကသေးပါဘူး၊ ဒီသံသရာကြီးထဲက ဘယ်လိုထွက်အောင် လုပ်ရမလဲလို့ ကြံစည်ပြန်တယ်။ ဒီသံသရာဆိုတဲ့ သမုဒ္ဒရာထဲက ထွက်အောင် လွတ် မြောက်အောင် ပကတိလှေဖြင့် ဘယ်လိုလုပ်ကူး မြောက်မလဲ၊ ကုသိုလ်ဆိုတဲ့ လှေသင်္ဘောနဲ့ ထွက်မှ ရမယ်၊ ငါ့မှာကုသိုလ်လုပ်စရာ ဘာရှိသလဲလို့ စဉ်းစားတဲ့ အခါမှာ အရုဏ်ကျင်းလို့ အလင်းရောက်ကတည်းက အလုပ်နဲ့လက်နဲ့မပြတ် ရက်ပေါင်းများစွာ လုပ်ကိုင်မှ စားတဲ့သောက်တဲ့အထဲက ပိုလျှံလို့ ဝတ်ဘို့ရာ အဝတ် တစ်ထည် ဝယ်ထားတာတော့ရှိတယ်။ ဒီ-အဝတ်ကို လှူဒါန်းပြီး သံသရာဆိုတဲ့ သမုဒ္ဒရာမှာ ကုသိုလ်ဆိုတဲ့ လှေနဲ့ နိဗ္ဗာန်တည်းဟူသောကမ်းကို ကူးရင် ရောက်မှာ ဘဲလို့ ကြံစည်မိပြန်တယ်။

အဲဒီလိုကြံစည်မိပြီး အသဲနှလုံးမှ ပေါက်ဖွား လာတဲ့ ပါဠိသီချင်းသုံးပုဒ် ဖြစ်တယ်။ သူ့ရဲ့ အကြံအစည် ဟာ ဘယ်လောက်များ ကောင်းသလဲဆိုရင် ဘယ် လောက် တန်ဖိုးရှိသလဲဆိုရင် ပရိသတ်များ သတိထား ပြီး စဉ်းစားကြည့်ပါတော့. .။

ဒါယကောတိ ဒါနသူရော၊ ဒါယကာဆိုတာ လှူရဲတန်းရဲ ပေးကမ်းရဲ စွန့်ကြဲရဲတဲ့သူကို ခေါ်တယ်လို့ အဌကထာအစောင်စောင်မှာ ဖွင့်ပြတာကိုလဲ သတိပြုစရာကောင်းပါတယ်။ ဒီ-အဌကထာများစကားဟာ လှူမယ်တန်းမယ်ကြံရင် မစ္ဆရိယစိတ်တွေဝင်လာပြီး နောက်တွန့်သွားတတ်တဲ့သူများအတွက် ရဲဆေးတစ်ခွက်ပါပဲ။ ဒီ-ဓမ္မာဆိုတဲ့ အမျိုးသမီးကလေးကတော့ သူကြံစည်ထားတဲ့အတိုင်းပဲ ဆင်းဆင်းရဲရဲကျွန်ခံလို့ရတဲ့ အဝတ်ကို သံဃေ ဒိန္နေ မဟပ္ဖလံ-ဆိုတဲ့အတိုင်း သံဃာတော်များအား လှူဒါန်းခြင်းသည် အကျိုးကြီး၏လို့ ဆိုတဲ့အတိုင်း သံဃာကို လှူပါတယ်။ ဘယ်သံဃာတွေကို လှူသလဲဆိုတော့- တိရိတိမဗ္ဗလတိဿပဗ္ဗတကျောင်းမှာ ဝါဆိုဝါကပ်တော်မူကြတဲ့ သံဃာတော်ငါးရာကို လှူဒါန်းပါတယ်။

အားလုံး ဒကာ,ဒကာမများ ဓမ္မာအမျိုးသမီးကလေး လှူဒါန်းပုံကို နည်းယူရအောင် နည်းနည်း ပြောပြမယ်။ သံဃာတော်များ သိဝရွာသို့ ဆွမ်းခံကြွချိန်မှာ ခေတ္တနားတဲ့ ဇရပ်ရှိပါတယ်။ အဲဒီ -ဇရပ်မှာ ခေတ္တ နားနေတဲ့ ရဟန်းတစ်ပါးကို "အရှင်ဘုရား- ဤအဝတ်ကို အရှင်ဘုရားတို့ကျောင်းမှာ ဝါဆိုသော ရဟန်းသံဃာတော်တို့အား ဝါဆိုသင်္ကန်းအတွက် လှူဒါန်းပါတယ် ဘုရား"။

"အရှင်ဘုရားသည် ဤအဝတ်ပုဆိုးကို ကျောင်းသို့ယူဆောင်၍ တပည့်တော်မ၏ ဆင်းရဲပုံကိုလည်းကောင်း၊ ဤအဝတ်ပုဆိုးကို ဆင်းဆင်းရဲရဲ အလုပ်လုပ်၍ လှူဒါန်းရသည်ကိုလည်းကောင်း ရဟန်းသံဃာအပေါင်းတို့အား ပြောကြား၍ ပေးအပ်ပါလော့"။

အဲဒီလိုဆိုပြီး လှူဒါန်းလိုက်တယ်။ သံဃိကဒါနဖြစ်အောင် လှူဒါန်းပုံကလေးကို နည်းယူစရာကောင်းပါတယ်။ ယခု ဒကာ,ဒကာမများဟာလဲ သံဃိကဒါနမြောက်အောင် (ငွေကြာရံပရိယတ္တိစာသင်တိုက်တွင် ပရိယတ္တိစာပေများကို နေ့စဉ်မပြတ် ပို့ချနေကြသော ဆရာတော်သံဃာတော်များနှင့် စာသင်သား) သံဃာတော်များကို ရည်ညွှန်းကြပြီး လှူဒါန်းမယ်ဆိုရင် သံဃိကဒါနမြောက်ပါတယ်။ ဓမ္မာဆိုတဲ့ အမျိုးသမီးကလေး လှူဒါန်းလိုက်တဲ့သင်္ကန်းကို သံဃာတော်များကိုယ်စား ယူဆောင်လာတဲ့ ရဟန်းတော်က အကြောင်းစုံ လျှောက်ထားပြီးတော့ သင်္ကန်းကို သံဃာတော်အားအပ်နှင်းလိုက်ပါတယ်။ အဝတ်လျှူတဲ့ အလှူရှင်သူဆင်းရဲမကလေး အကျိုးများအောင် ကျင့်ကြံဖို့ရာ ဝတ်ရမည့်ရဟန်းမှာ တာဝန်ရှိပါတယ်။ ဒီအဝတ်ကို ဝတ်ပြီး တော်သလိုနေလို့ မဖြစ်ပါဘူး။ ဒီအဝတ်ကို ဝတ်ပြီး တာဝန်ကျေအောင် တရားအားထုတ်ရမယ့် ရဟန်းတစ်ပါးကို ရွေးချယ်တဲ့အခါ -

ရဟန်းတစ်ပါးက ဒီအဝတ်ကို သင်္ကန်းချုပ်ပြီး သုံးလဝတ်ပါ့မယ်၊ သုံးလအတွင်း တရားထူးကိုရအောင် ရဟန္တာဖြစ်အောင် အားထုတ်မယ်လို့ ဝန်ခံပါတယ်။ ဒီစကားကြားတော့ တခြားရဟန်းတစ်ပါးက သူ့ပေးပါ၊ သူက နှစ်လနဲ့ တရားထူးရအောင် အားထုတ်မယ်လို့ လျှောက်ထားပါတယ်။ ဒီစကားကြားတော့ နောက်တစ်ပါးကလည်း တစ်လပေးပါလို့ တောင်းတယ်။ တစ်ပါးက ဆယ့်ငါးရက်၊ တစ်ပါးက ဆယ်ရက်၊ တစ်ပါးက ငါးရက်၊ တစ်ပါးက လေးရက်၊ သုံးရက်၊ နှစ်ရက်နှင့် ရဟန္တာဖြစ်အောင် တရားအားထုတ်မယ်လို့ အာမခံနဲ့ သင်္ကန်းကို တောင်းကြပါတယ်။

ဒါပေမဲ့- သံဃာက ဘယ်သူ့ကိုမှ မပေးပါဘူး၊ နောက်ဆုံး ရဟန်းတစ်ပါးကတော့ တစ်ရက်ဝတ်ခွင့်ပေးပါ၊ တစ်ရက်နဲ့ပဲ ရဟန္တာဖြစ်အောင် တရားအားထုတ်မယ်လို့ အာမခံပြီး တောင်းပါတယ်။ သံဃာတော်များက အဲဒီရဟန်းကိုပဲ အဝတ်ကို ပေးလိုက်ပါတယ်။ အဲဒီရဟန်းဟာ အဝတ်ကို သင်္ကန်းချုပ်တယ်၊ အဲဒီသင်္ကန်းကို ဝတ်ရုံပြီး စင်္ကြံလျှောက်ရင်း ဝိပဿနာရှုပါတယ်။ ခုနှစ်လှမ်းပြည့်ပြီးတဲ့အခါမှာ ကိလေသာကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်သွားပါတော့တယ်။

အဲဒီရဟန်း ရဟန္တာဖြစ်သွားပြီးတဲ့နောက် ကျန်ရဟန်းတော်များဟာလဲ တစ်လှည့်စီဝတ်ပြီး တရား

အားထုတ်တဲ့အခါ ဝါတွင်းသုံးလအတွင်း အားလုံး ရဟန္တာဖြစ်သွားတယ်လို့ ဆိုပါတယ်။ ယခု- ဒကာ, ဒကာမများလှူဒါန်းတဲ့သင်္ကန်းကို ဝတ်ရုံဆင်မြန်းပြီး (ငွေကြာရံ) ရဟန်းတော်များဟာ သူတို့ရဲ့အစွမ်းရှိသလောက် ပရိယတ္တိဓမ္မ၊ ပဋိပတ္တိဓမ္မကို အားထုတ်ကြမှာကတော့ အမှန်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သီဟိုဠ်ကျွန်းက အဲဒီရဟန်းငါးရာလိုတော့ ရဟန္တာဖြစ်စေရမယ်လို့ အာမ မခံနိုင်ပါဘူး။

အဲဒီရဟန်းငါးရာဟာ တစ်ဝါတွင်းနဲ့ ရဟန္တာဖြစ်ပြီးတဲ့နောက် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့မှာ သဒ္ဓါတိဿမင်းကြီးက ကျောင်းမှာတန်ဆာဆင်ဘို့အတွက် အထူးထူးသောအဝတ်များနှင့် တံခွန်ကုက္ကားတွေကို ပေးပို့လိုက်တယ်။ အဲဒီအခါမှာ အာရာမ်စောင့်က မင်းကြီးပေးလိုက်တဲ့ အဝတ်များဖြင့် မျက်နှာကြက်လုပ်ပြီး တံခွန်ကုက္ကားတွေကို သင့်တော်တဲ့နေရာတွေမှာ စိုက်ထူတယ်။ ဓမ္မာ-အမျိုးသမီးကလေးလှူဒါန်းတဲ့ သင်္ကန်းကိုတော့ အဓိကကျတဲ့ တံခါးဝမှာ အလံတံခွန်ပြုလုပ်ပြီး စိုက်ထူထားတယ်။ သဒ္ဓါတိဿမင်းကြီး ကျောင်းကိုလာတဲ့အခါမှာ အဓိကကျတဲ့တံခါးဝမှာ သင်္ကန်းကိုတွေ့ရပြီးတော့ သူလှူလိုက်တဲ့ အဝတ်ကို မမြင်တဲ့အတွက် အာရာမ်စောင့်ကို မေးတယ်။ အာရာမ်စောင့်က ဒီသင်္ကန်းက ကျေးဇူးကြီးမားလို့ တံခါးဝမှာ စိုက်ထူထားတဲ့အကြောင်း လျှောက်ထားတယ်။

မင်းကြီးက ဘယ်လိုကျေးဇူးများသလဲလို့ မေးတော့ အာရာမ်စောင့်ကတော့ သူမသိတဲ့အကြောင်း၊ သံဃာတော်များသာသိတဲ့အကြောင်း ပြန်လည်လျှောက်ထား တယ်။ သဒ္ဓါတိဿမင်းကြီးက သံဃာတော်များထံ သင်္ကန်းနဲ့ပတ်သက်တဲ့အကြောင်းကို မေးမြန်းလျှောက် ထားပါတယ်။ သံဃာတော်များက ဒီအဝတ်ကိုမှီပြီး ရဟန်းငါးရာ ရဟန္တာဖြစ်ရတဲ့အတွက်ကြောင့် ဒီ သင်္ကန်း ကျေးဇူးကြီးမားတဲ့ အကြောင်း မိန့်ကြားတယ်။ သဒ္ဓါတိဿမင်းကြီးက ဒီသင်္ကန်း ဘယ်သူလှူသလဲလို့ မေး မြန်းတယ်။ သိဝရွာသူ ဓမ္မာ-ဆိုတဲ့အမျိုးသမီးလှူတယ် လို့ သံဃာတော်များက မိန့်ကြားတယ်။

သဒ္ဓါတိဿမင်းကြီးက ဓမ္မာ-အမျိုးသမီးကို ခေါ်ပြီး ရွှေ,ငွေအသုံးအဆောင်စည်းစိမ်ဥစ္စာပေးတဲ့ အပြင် သိဝရွာကို အပိုင်စားစေတယ်။ ဓမ္မာကို သမီးတော်အရာမှာထားပြီးတော့ ချီးမြှောက်တယ်။ ဓမ္မာ မင်းသမီးရယ်လို့ ထင်ရှားပါတယ်။ ဓမ္မာမင်းသမီးဟာ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုပြုပြီး ကွယ်လွန်တဲ့ အခါမှာ နတ်ပြည်စည်းစိမ်ကို ခံစားရပါတယ်။

ဒီဝတ္ထုသွားကို စဉ်းစားဆင်ခြင်၍ ကြည့်လျှင် သဒ္ဓါ,စေတနာဖြင့် သာသနာတော်နဲ့ တွေ့ရကြုံရတုန်းမှာ လှူဘို့,လှူဘဝ ရရှိထားကြတဲ့ သူတော်ကောင်းတိုင်း အနန္တကမ္မာမှာ လွန်စွာလှူဒါန်းဖို့ရန် ခဲရင်းတဲ့ စီဝရဒါန ကုသိုလ်မျိုးကို စိုက်ပျိုး, ရင်းနှီးကြပါလို့ တိုက်တွန်းရင်းနဲ့ သင်္ကန်းအနုမောဒနာတရား နိဂုံးချုပ်ရအောင်. . ။

သရိတွာန ကရေယျာထ၊ စီဝရဿ မဟန္တတံ။
သဒ္ဓါယ စီဝရဒါနံ၊ ဒုလ္လဘေ ဗုဒ္ဓသာသနေ။

စီဝရဿ၊ သာသနာခေတ်ကြုံမှ လှူဘို့၌ ပေါ်ထွန်း၍လာသော ဖလ်ဝါရောင်လွှမ်း မြတ်သင်္ကန်း၏။ မဟန္တတံ၊ အရဟတ္တဖိုလ်၏တံခွန်ဖြစ်၍ အလွန်မြင့်မြတ်ကြောင်းကို။ သရိတွာန၊ သမ္မာယုတ်ဉာဏ်အမြင်ဖြင့် ဆင်ခြင်တွေးတောကြကုန်လျက်။ ဒုလ္လဘေ၊ ကမ္ဘာတွက်ကိန်း သိန်းပေါင်းများစွာ ကုန်ဆုံးပါလည်း အလွန်တရာ ရခဲလှစွာသော။ ဗုဒ္ဓသာသနေ၊ ရှင်တော်မြတ်ဘုရား တည်ထားမိန့်မှာ သာသနာ၌။ စီဝရဒါနံ၊ စီဝရဒါန လှူဒါန်းခြင်းငှါ ကြုံခဲစွာသည့် မဟာဒါနစီဝရမည်ခေါ် အလှူတော်ကို။ ကရေယျာထ၊ ဘဝတိုင်းချမ်းသာ၍ ပြည်ခေမာ အမြန်ကူးရအောင် ဆည်းပူးအားထုတ် ပြုလုပ်ကြကုန်ရာသတည်း။

မစိုးရိမ်ဆရာတော်ကြီး

## ဆေးစက်ကျရာ အရုပ်ထင်စေဖို့

အရှင်ကောသလ္လ (မစိုးရိမ်)

"မန္တလေးတောင်အစ ခြင်္သေ့ကြီးနှစ်ကောင်က" "မန္တလေးတောင်အဆုံး မြွေကြီးနှစ်ကောင်အပြုံး" လို့ ဆိုတဲ့အတိုင်း မန္တလေးတောင်ကို စတင်တက်တော့မယ် ဆိုရင် ခန့်ထယ်ကြီးမားတဲ့ ခြင်္သေ့ကြီးများကို စတင်တွေ့ ရပါတယ်။ တက်လိုက် မောပန်းလို့ နားလိုက်နဲ့ တစ်နာရီ ခန့်လောက် တက်လိုက်ရတဲ့အခါမှာတော့ မြွေကြီးနှစ် ကောင်ရှိတဲ့ တောင်ထိပ်အဆုံးကို ရောက်ပါတယ်။

အဲဒီကျမှ ပြုံးနိုင်တော့တာဖြစ်လို့မို့ "မန္တလေး တောင်အဆုံး မြွေကြီးနှစ်ကောင် အပြုံး"လို့ ဆိုထားတာ နေမှာပါ။ (မိမိ အတွေးစ တစ်ခုပါ)

မန္တလေးတောင်တော်ကြီးကို အများပြည်သူ ဘုရားဖူးလို့ရအောင် လမ်းတွေဖောက်၊ စောင်းတန်းတွေ ဆောက်၊ ဘုရားတွေတည်သွားခဲ့တဲ့ ရသေ့ကြီး ဦးခန္တီကို လူတိုင်းနီးပါး သိကြပါလိမ့်မယ်။ အဲဒီခေတ်တုန်းက ခုခေတ်လို စက်ယန္တရား မထွန်းကားသေးတော့ တောင်ကြီးတစ်တောင်လုံးမှာ အဆောက်အဦးတွေ အပြည့် ပြီးစီးအောင်မြင်ဖို့ဆိုတာ ဘယ်လွယ်ကူပါ့မလဲ။ သာမန်ပုဂ္ဂိုလ်တွေ စိတ်တောင် မကူးရဲတဲ့ လုပ်ငန်းစဉ် တွေ ဆိုပါတော့။

ဒါပေမဲ့ ရသေ့ကြီး ဦးခန္တီလေ၊ ဦးခန္တီဆိုတာ ပါရမီရှင်ပုဂ္ဂိုလ်၊ ဘုန်းရှိတဲ့ပုဂ္ဂိုလ်၊ ဖြစ်အောင်လုပ်တယ်။

ပါရမီရှင်တွေဆိုတာ အများအကျိုး ရွက်သည် ပိုးတဲ့နေရာမှာ အရိုးကြေကြေ အရေခမ်းခမ်း ဖြစ်အောင် လုပ်ပြတတ်တဲ့ ပုဂ္ဂိုလ်ထူးတွေပဲ မဟုတ်လား။

ဦးခန္တီရဲ့ မန္တလေးတောင်ကြီးတစ်ခုလုံးမှာ အဆောက်အဦးတွေ ပြည့်နေအောင် ပြုလုပ်ခြင်း ကဲ့သို့သော လုပ်ငန်းစဉ်တွေကို ကြည့်ပြီး အင်္ဂလိပ်မင်း အစိုးရက "ဦးခန္တီဟာ စီးပွားရေးလုပ်တာလဲ မတွေ့ရဘူး၊ ဘယ်ကနေ ပိုက်ဆံတွေ ရတာလဲ၊ ဦးခန္တီဆီမှာ ငွေတု လုပ်တဲ့စက် ရှိကိုရှိရမယ်" ဆိုတဲ့ သံသယတွေ ဝင်လာပြီး ထောက်လှမ်းရေးတွေ လွှတ်လိုက်တယ်။ ဦးခန္တီဆီ ရောက်တော့ ၎င်းတို့ထင်မြင်ချက်ကို မေးမြန်း စုံစမ်း စစ်ဆေးတော့ ဦးခန္တီက "အေး အေး၊ ခဏ ထိုင်ကြဦး၊ ငါ ဘုရားဝတ်တက် အဓိဋ္ဌာန်ဝင်လိုက်အုံးမယ်" ဆိုပြီး နာရီဝက်လောက် ဘုရားဝတ်တက်နေပါတယ်။

အင်္ဂလိပ်အစိုးရမင်းရဲ့ ထောက်လှမ်းရေးတွေ ကတော့ ဦးခန္တီဟာ ထွက်ပြေးလေမလား၊ ဒါမှမဟုတ် ငွေအတုလုပ်စက်ကို အပ်ပြီး အဖမ်းများ ခံလေမလား ဆိုတာကို တွေးပြီး သေနတ်တွေနဲ့ စောင့်နေကြပါတယ်။ ရသေ့ကြီး ဦးခန္တီ အဓိဋ္ဌာန်ဝင် ဘုရားဝတ်တက်လည်း ပြီးရော တောင်အောက်ကနေ လူတွေအဖွဲ့သား တက်လာကြပြီး "ဘဘရသေ့ကြီး ဦးခန္တီ- ဒါကတော့ တောင်ဘက်စောင်းတန်းအတွက်ပါ၊ ဒါကတော့ မြောက်ဘက်စောင်းတန်းမှာ ဘုရားတည်ဖို့ပါ၊ ဒီဟာက တော့ ဇရပ်တွေဆောက်ဖို့" ဆိုပြီး လင်ပန်းတွေထဲမှာ ငွေဒင်္ဂါးပြားတွေအပြည့် လာလှူကြပါတယ်။

အင်္ဂလိပ်ထောက်လှမ်းရေးတွေ ကြောင်အန်း အန်းဖြစ်ကုန်ကြပြီး ဦးခန္တီဟာ သူ့ရဲ့ ဘုန်းတန်ခိုးတွေနဲ့ ဒီတောင်တော်ကြီးမှာ အဆောက်အဦးတွေဆောက်၊ ဘုရားတွေတည်နေတယ်ဆိုတာကို သဘောပေါက် သွားကြပါတယ်။ မြန်မာထောက်လှမ်းရေးတစ်ယောက် က ရသေ့ကြီးဦးခန္တီထံ ချဉ်းကပ်ပြီးတော့ " ဘဘ ဘုရား၊ တပည့်တော်တို့ကလည်း အထက်အမိန့်တော်အတိုင်း လာကြရတာပါ၊ စိတ်မရှိပါနဲ့ဘုရား၊ ဘဘ အခုလို လုပ်ချင်တာတွေ ဖြစ်နေတာဟာ ဘယ်လိုမျိုး ကျင့်စဉ် တွေကြောင့် ဖြစ်နေတာလဲဘုရား" လို့ လျှောက်ထား ပါတယ်။

ဒီတော့ ရသေ့ကြီးက “ငါကတော့ အများ အကျိုးရွက်သည်ပိုးမယ်ဆိုတဲ့ ပရဟိတစိတ်ဓာတ်တွေနဲ့ ဟောဒီ အရဟံ ဇယံ ဂါထာတော်ကို အမြဲရွတ်ပွားခဲ့တာပဲ။ ဒါကြောင့် အခုလို အလုပ်တွေ၊ ဒီတောင်တော်ကြီးကို ပြီးစီးအောင်မြင်အောင် ပြင်ဆင်နိုင်၊ အဆောက်အဦးတွေ ဆောက်လုပ်နိုင်တာပဲ”လို့ မိန့် လိုက်ပါတယ်။

ကဲ. . ရသေ့ကြီး ဦးခန္တိကတော့ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ မန္တလေးတောင်တော်ကြီးကဲ့သို့သော နေရာတွေမှာ အဆောက်အဦးတွေ ပြီးစီးအောင်မြင်အောင် ဆောက်လုပ်နိုင်ခဲ့တာဟာ အရဟံ ဇယံ ဂါထာတော်ရဲ့ တန်းခိုးသတ္တိလို့ ပြောပြနေပါလား။ မိမိတို့တတွေလည်း ကိုယ်လုပ်ချင်တာတွေ ပြီးစီးအောင်မြင်ဖို့ ဆေးစက်ကျရာ အရုပ်ထင်စေဖို့ အရဟံ ဇယံ-ဂါထာတော်ကို ရွတ်ပွားကြပါစို့။ မြတ်စွာဘုရားဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများကြပါစို့။ အော်. . . တစ်ခုတော့ ပြောဖို့ မေ့နေသေးတယ်။ အရဟံ ဇယံဂါထာတော်ကို ရွတ်ပွားတော့မယ်ဆိုရင် အများအကျိုး ရွက်သည်ပိုးမယ်ဆိုတဲ့ ပရဟိတစိတ်ဓာတ်လေးထားပြီး ရွတ်ဆိုဖို့လည်း မမေ့နဲ့ဦးနော်။ ဒါမှ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်လာမှာ။ ဆေးစက်ကျရာ အရုပ်ထင်လာမှာ။ ယုံယုံကြည်ကြည်သာ ရွတ်ပွားသရဇ္ဈာယ်ကြပါလို့ စေတနာစကား ပါးလိုက်ပါတယ်။

အရှင်ကောသလ္လ (မစိုးရိမ်)

## အရဟံ ဇယံဂါထာတော်ကြီး

အရဟံဗဟိအန္တဇယံသုဂတံ၊
အမိတံဝိရဇံလ,လိတံအတုလံ။
စရဏံတိဘဝူပသမံယမကံ၊
သုခဒံသရဏံပနမာမိဇိနံ။

အရဟံ– လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်ပါ ပေထသော။ ဗဟိအန္တဇယံ၊ အတွင်းရန်အပြင်ရန်တို့ကို အတန်တန် အောင်တော်မူပြီးထသော။ သုဂတံ၊ ကောင်းသောစကားကိုဆိုတော်မူတတ်ပါပေထသောဝါ– ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော်မူတတ်ပါပေထသော။ အ,မိတံ၊ မနှိုင်းယှဉ်အပ်သော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူပါပေထသော။ ဝိရဇံ၊ ရာဂအစရှိသော ကိလေသာမြူ ကင်းတော်မူပါပေထသော။ လ,လိတံ၊ရောင်ခြည်တော်ခြောက်သွယ်ဖြင့်ကွန့်မြူးစံပယ်တင့်တယ်တော်မူပါပေထသော။ အ,တုလံ၊ သီလအစရှိသော ဂုဏ်တော်တို့ကြောင့် တစ်စုံတစ်ယောက်သောသူနှင့်တူတော်မမူပါပေထေသော။စရဏံ၊နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကောင်းနှင့်ပြည့်စုံတော်မူပါပေထသော။ တိဘဝူပသမံ၊ ဘဝသုံးပါး ဘုံသုံးပါးတို့၌ ကိလေသာအပူမီးတို့ကိုငြိမ်းအေးစေတော်တော်မူနိုင်ပါပေထသော။ ယမကံ၊ရေမီးအစုံအစုံအစရှိသောတန်ခိုးပြာဋိဟာတို့ကိုပြခြင်းငှါစွမ်းနိုင်တော်မူပါပေထသော။သုခ,ဒံ၊လူချမ်းသာနတ်ချမ်းသာနိဗ္ဗာန်ချမ်းသာတို့ကိုပေးတော်မူတတ်ပါပေထသော။သရဏံ၊လူနတ်နဂါးသိကြားဗြဟ္မာသတ္တဝါဝေနေ များဗိုလ်ခြေတို့၏ အားထား ကိုးကွယ်ရာအစစ်ကေန်ဖြစ်တော်မူ ပါပေထသော။ ဇိနံ၊ မာန်ငါးပါးကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ပ,နမာမိ၊ကိုင်းညွတ်ရိုကျိုးသဒ္ဓါမိုး၍ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ ။

# ဆုတောင်း, အမျှဝေခြင်းနှင့်

## ရေစက်ချခြင်းဟူသည်

အရှင်ကေလာသ (မစိုးရိမ်)

မြတ်ဗုဒ္ဓသည် မိမိအား ကိုးကွယ်ယုံကြည်ကြသော ဒါယကာ ဒါယိကာမ စသည်တို့အား ပြုလုပ်ဆောင်ရွက်ရန်အတွက် သတ်မှတ် ဟောကြားတော်မူခဲ့ပါသည်။ ထိုအလုပ်များမှာ ဒါန, သီလစသော ပုညကိရိယဝတ္ထု ဆယ်ပါးတို့ပင် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် မြတ်ဗုဒ္ဓ ညွှန်ကြားဟောကြားတော်မူခဲ့သည့်အတိုင်း ကောင်းမှုကုသိုလ်များကို ပြုလုပ်လေ့ရှိပါသည်။ နေ့စဉ် လုပ်ငန်းအဖြစ် နံနက်မိုးသောက် အလင်းရောက်သည့်အခါ ဗုဒ္ဓအား သောက်တော်ရေကပ်ခြင်း၊ ဆီမီး ကပ်ခြင်း၊ ငါးပါးသီလယူခြင်းတို့နှင့် ရဟန်းသံဃာတော်တို့အား ဆွမ်းလောင်းလှူခြင်း၊ တရားနာခြင်းစသော ကုသိုလ်များကို ပြုလုပ်လေ့ရှိကြပါသည်။

ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ထိုကဲ့သို့သော ကုသိုလ်ကောင်းမှုများအနက် တစ်ခုခုကို ပြုလုပ်ပြီးတိုင်း မိမိ ပြုလုပ်သော ကုသိုလ်ကောင်းမှုကြောင့် မိမိတို့ လိုလားအပ်သောအရာတို့ကို ဆုတောင်းခြင်းနှင့် ထိုကုသိုလ်တို့၏ အဘို့ဘာဂတို့ကို မိမိတို့ရဲ့ ကျေးဇူးရှင်များဖြစ်ကြသော မိဘနှစ်ပါး၊ ဆရာသမားအစရှိသော သုံးဆယ့်တစ်ဘုံသားတို့ကို အမျှပေးဝေခြင်း၊ ရေစက်ချခြင်းတို့ကို ပြုလုပ်လေ့ရှိကြပါသည်။

### ဆုတောင်းခြင်း

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှိခိုးခြင်း၊ ငါးပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါးစသောအားဖြင့် သီလများကို ဆောက်တည်ခြင်း၊ ပန်း,ရေချမ်း,ဆွမ်း,ဆီမီးစသည်တို့ကို လှူဒါန်းခြင်း၊ မေတ္တာဘာဝနာပွားများခြင်းနှင့် ဘုရားရှင်၏ ဂုဏ်တော်များကို ပွားများခြင်း၊ ပရိတ်, ပဋ္ဌာန်း ရွတ်ဖတ်ခြင်းစသော ကုသိုလ်ကောင်းမှု လုပ်ငန်းများကို နေ့စဉ်နေ့တိုင်း ပြုလုပ်နေကြ၏။

ထိုသို့ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြပြီးနောက် မိမိလိုလားအပ်သော ဆုများကိုလည်း တောင်းလေ့ရှိကြပါသည်။ ဆုတောင်းခြင်းဟူသည် မိမိလိုအပ်သော အကျိုးတရားကို စိတ်ဖြင့်မှန်းဆ၍ဖြစ်စေ, နှုတ်ဖြင့်တမ်းတ၍ဖြစ်စေ တောင်းဆိုခြင်း ဖြစ်သည်။ ပါဠိဘာသာအားဖြင့် “ပတ္ထနာ”ဟူ၍လည်းကောင်း၊ “ယာစနာ”ဟူ၍လည်းကောင်း ခေါ်ဝေါ် သုံးနှုန်း၏။ ဆုတောင်းရာ၌ တောင်းသောဆုကိုပေးမည့်သူမှာ အခြားသူ မဟုတ်ပေ။ မိမိကိုယ်တိုင်ပင် ဖြစ်သည်။ မိမိပြုလုပ်သောကံသည်သာလျှင် ဖြစ်၏။ ယင်းသို့ဖြစ်သောကြောင့် ဆုကိုတောင်းရုံသာ တောင်း၍ မရနိုင်၊ ကောင်းမှုကုသိုလ်လည်း ပြုရပေမည်။ ကောင်းမှုကုသိုလ်ကိုသာပြု၍ ဆုမတောင်းခဲ့ပြန်လျှင် အကျိုးရရှိမှု မသေချာနိုင်သောကြောင့် ကုသိုလ်ကောင်းမှု တစ်စုံတစ်ခု ပြုလုပ်တိုင်း ဆုကိုလည်း တောင်းရမည်။ ယင်းသို့ ဆုတောင်းသင့်ပုံကို--

**“ယဿ ဟိ ပဉ္စဓမ္မာ အတ္ထိ၊ န ပတ္ထနာ၊ တဿ ဂတိ အနိဗဒ္ဓါ။ ယဿ ပတ္ထနာ အတ္ထိ၊ န ပဉ္စဓမ္မာ၊ တဿာပိ အနိဗဒ္ဓါ။ ယေသံ ဥဘယံ အတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ”** “အကြင်ပုဂ္ဂိုလ်အား သဒ္ဓါ, သီလ, သုတ, စာဂ, ပညာသာရှိ၍ ဆုတောင်းခြင်းမရှိ ထိုပုဂ္ဂိုလ်အား လားရာဂတိ (လိုလားအပ်မှုအကျိုးရမှု) သည် မသေချာ မမြဲပေ။ ဆုကိုသာတောင်း၍ တရားငါးမျိုး မရှိလျှင်လည်း အကျိုးရမှုမသေချာ။ တရားငါးမျိုးလည်း ရှိ၍ ဆုလည်းတောင်းသူအား ဧကန်စင်စစ် အကျိုးရနိုင်၏” ဟု မြတ်စွာဘုရား ဟောတော်မူခဲ့ပေသည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှု တစ်စုံတစ်ခုပြုတိုင်း ဆုမတောင်းဘဲ မနေသင့်ပေ။ ကောင်းမှုကုသိုလ်ကို

လည်းပြု၊ ဆုကိုလည်း တောင်းရမည်။ သို့မှသာ လိုရာ ဆန္ဒ အကျိုးစီးပွားများ အလိုဆန္ဒအတိုင်း ဧကန်ပြီးစီး နိုင်မည် ဖြစ်ပေသည်။

လောက၌ ကိုးကွယ်မှု ဘာသာဝါဒများ အသီးအသီးရှိကြရာဝယ် ဗုဒ္ဓဘာသာဝင်များကဲ့သို့ အခြားသော ဘာသာများ၌လည်း ဆုတောင်းမှု အသီး အသီး ရှိကြလေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ဆုတောင်း ခြင်းမှာ မိမိပြုလုပ်သော ကုသိုလ်၏အစွမ်းကြောင့် မိမိလိုလားအပ်သည်ကိုသာ ရည်မှန်းတောင်းဆိုခြင်း ဖြစ်သည်။ အလုပ်သမားတစ်ယောက် မိမိလုပ်အားခကို တောင်းဆိုခြင်းကဲ့သို့သာ ဖြစ်သည်။ အလုပ်မလုပ်ဘဲ လုပ်အားခကို တောင်းဆိုခြင်းကဲ့သို့ မဟုတ်။ ထိုလိုလား အပ်သောဆုကိုလည်း တစ်ခြားသူက တောင်း၍ပေး၍ မရနိုင်။ မိမိလုပ်သော အလုပ်ကသာ ပေးနိုင်ပေသည်။

ထိုကဲ့သို့ ဆုတောင်းခြင်းကို ဆုပေးနိုင်ခြင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားရှင်က "ပါဏာတိပါတ စသောဒုစရိုက်များကို ပြုလုပ်၍သေသွားသူအတွက် လူအများစုပေါင်း၍ 'နတ်ပြည်ရောက်ပါစေ'ဟု ဆုတောင်းပေးသော်လည်း ရေ၌နစ်မြုပ်နေသော ကျောက်ခဲကို 'ကမ်းပေါ်တက်လာပါစေ'ဟု ဆုတောင်း ၍ မရသကဲ့သို့ မရနိုင်ပါချေ။ သုစရိုက်များပြုလုပ်ပြီး သေသွားသူအတွက်လည်း 'အပါယ်ကျပါစေ'ဟု ဆုတောင်းပေးသော်လည်း ထောပတ်အိုးကို ရေ၌ ချသောအခါ ရေပေါ်ဝေ့လာသော ထောပတ်ဆီများကို 'နစ်မြုပ်ပါစေ'ဟု ဆုတောင်း၍ မရနိုင်သကဲ့သို့ ဖြစ်သည်" ဟု မိန့်တော်မူပါသည်။

ဒါန, သီလစသည့် ကောင်းမှုကုသိုလ်သည် နိဗ္ဗာန်ကို တိုက်ရိုက်မရောက်နိုင်သော်လည်း နိဗ္ဗာန် ရောက်ကြောင်း အထောက်အပံ့ဖြစ်နိုင်သည့်အတွက် ကုသိုလ်ပြုပြီးတိုင်း ဗုဒ္ဓဘာသာဝင် သူတော်စင်ပုဂ္ဂိုလ် တို့သည် "ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု = ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့ ကင်းရာ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ ဖြစ်ပါ စေသတည်း"ဟူ၍ ဆုတောင်းခြင်း ပြုကြလေသည်။

"ဆုတောင်းခြင်း"ဟူသည် လှေသင်္ဘောတို့၌ ပါရှိသော ပဲ့နှင့်တူပေသည်။ လှေသင်္ဘောသည် ပဲ့ပါမှ လိုသောနေရာသို့ တည့်တည့်မတ်မတ် ရောက်စေနိုင် သကဲ့သို့ ကုသိုလ်ကောင်းမှုပြုသူသည် ဆုတောင်းပါမှ သံသရာ ခရီးလမ်းတွင် အလိုရှိရာကို ရယူနိုင်ပါသည်။ လူ့စည်းစိမ် နတ်စည်းစိမ်မှစ၍ မဂ်, ဖိုလ်နိဗ္ဗာန်အထိ မည်သည့် အရာကိုမဆို လိုသလို ရနိုင်ယူနိုင်ပါသည်။ ယင်းသို့ ဆုတောင်းခြင်းဖြင့် လိုအပ်သောအရာကို လိုသလိုရယူနိုင်သောကြောင့် ဆုတောင်းမှု မှန်ကန်ရန် လည်း အထူးလိုအပ်လှပေသည်။

ဆုတောင်းခြင်းအမျိုးအစားများမှာ အမျိုးမျိုး သော အလိုဆန္ဒအရ အမျိုးမျိုးကွဲပြားနေကြသော်လည်း အချုပ်အားဖြင့် နှစ်မျိုးသာရှိပါသည်။ ယင်းနှစ်မျိုးမှာ-

(၁) သံသရာဝဋ္ဋကို မှီသော သံသရာကို လည်စေ တတ်သော ဆုတောင်း (ဝဋ္ဋနိဿိတ)

(၂) သံသရာဝဋ္ဋကို မမှီသော၊ သံသရာမှ လွတ်မြောက်လိုသော ဆုတောင်း(ဝိဝဋ္ဋနိဿိတ)တို့ ဖြစ်ကြပါသည်။

ထိုတွင် သံသရာဝဋ္ဋကို မှီသော ဆုတောင်း ဟူသည်- လူ, နတ်, ဗြဟ္မာ လောကီ စည်းစိမ်ချမ်းသာ အမျိုးမျိုးကို တောင်းသောဆုဟု ခေါ်ပါသည်။ ထိုဆုကို တောင်းခဲ့လျှင် နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ တောင်းသလောက်သာ ရနိုင်၏။ သံသရာဝဋ္ဋမှ လွတ် မြောက်ရာ, ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်အထိ ရောက်စေနိုင် ရစေနိုင်သည့် အကျိုးမျိုးကို မရနိုင်ပေ။

ဘုရားရှင်လက်ထက် သာဝတ္ထိပြည် ဝိသာခါ ကျောင်းအမကြီးနှင့်အတူ ဥပုသ်စောင့်သော အမျိုး သမီးများ ဆုတောင်းကြပုံများမှာ အသက်ကြီးသော အချို့သော အမျိုးသမီးများက "နတ်ပြည်ရောက် လိုပါ၏"ဟူ၍လည်းကောင်း၊ ငယ်ရွယ်သော အမျိုးသမီး

များက-"လင်တူမယားဘဝ (မယားပြိုင်) မဖြစ်ပါစေနဲ့" ဟူ၍လည်းကောင်း၊ အိမ်ထောင်ပြုစ အမျိုးသမီးများက - "သားယောကျ်ားလေး မွေးပါစေ"ဟူ၍လည်းကောင်း၊ အပျိုမငယ်များက-"အချိန်ရှိတုန်း လင်ကောင်း သားကောင်း ရရပါလို၏"ဟူ၍လည်းကောင်း အသီးသီး ဆုတောင်းကြခဲ့ကြသည်ကို ဘုရားရှင်က "အိုဘေး, နာဘေးကြီးသာဖြစ်ကြောင်း၊ ဝဋ်ဆင်းရဲကို တောင်းတခြင်းသာဖြစ်ကြောင်း" ဟောကြား ဆုံးမတော်မူခဲ့ပေသည်။ ဝဋ်နှင့်ယှဉ်သော ဆုတောင်းမှုသည် ဒုက္ခကို ဆုတောင်းခြင်းသာ ဖြစ်သည်။ ဒုက္ခသက်ရှည်စေခြင်းသာ ဖြစ်ပေသည်။

ထို့ပြင် အချို့သောသူတို့သည်ကား ထိုသို့ဝဋ်ကိုလည်းစေတတ်သော ဆုကိုတောင်းရာတွင် အလွန်မှားယွင်းသော မမှန်ကန်သော ဆုတောင်းမှုမျိုးကိုလည်း တောင်းတတ်ကြပေသည်။ ဓမ္မပဒအဋ္ဌကထာ၌ လာသော ကာဠယက္ခိနီဝတ္ထုပါ အမျိုးသမီးနှစ်ဦးတို့မှာ မှားယွင်းသော ဆုတောင်းမှုမျိုးကို တောင်းခဲ့ကြသည်။ ထိုဝတ္ထု၌ အမျိုးသမီးနှစ်ဦးတို့ တစ်ဦးကိုတစ်ဦး အနိုင်ရလို ဂလဲစားချေလိုသောဆန္ဒများဖြင့် အနိုင်ရလိုရန် ဆုတောင်းခဲ့ကြသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး အပြန်အပြန်အလှန်အလှန် ဂလဲ့စား ချေခြင်းဖြင့် ရန်သာ များခဲ့ရလေသည်။ ထိုကဲ့သို့သော ဆုတောင်းခြင်းမျိုးတို့သည် မှားယွင်းသော ဆုတောင်းခြင်းများသာ ဖြစ်လေသည်။

သံသရာဝဋ်ကို မမှီသော ဆုတောင်းဟူသည်--သံသရာဝဋ်မှလွတ်မြောက်ရာ မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာကို တောင်းသောဆုဟု ခေါ်ပါသည်။ ထိုဆုကိုသာ တောင်းသင့်ကြပေသည်။ ထိုကဲ့သို့သော ဆုတောင်းခြင်းသည်သာ လေးနက်သော အသိဉာဏ်ပညာနှင့် ယှဉ်သော ဆုတောင်းခြင်းမျိုး ဖြစ်သည်။ ထိုသို့ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုတောင်းခြင်းဖြင့် နိဗ္ဗာန် မရမီကာလပတ်လုံး သံသရာခရီးတွင် အများသူငါတို့ လိုလားအပ်သော ကာမဂုဏ် ချမ်းသာများကိုလည်း မတောင်းဘဲ ရရှိမည်ဖြစ်သည်။ သံသရာခရီးလည်း ရှည်လျားခြင်းမရှိဘဲ ဝဋ်အတွင်းမှ လျှင်မြန်စွာ လွတ်ကင်းနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ဝိဝဋ္ဋနိဿိတခေါ် သော ဝဋ်နှင့်မယှဉ်သော ဆုတောင်းခြင်း သည်သာ တောင်းသင့်သောဆု ဖြစ်ပေသည်။

## အမျှဝေခြင်း

ဗုဒ္ဓဘာသာဝင်တို့သည် ဒါနစသော ကုသိုလ်တရားများကို အခါအားလျော်စွာ ပြုလုပ်ကြ၏။ ထိုသို့ ပြုလုပ်သည့်အခါတိုင်း မိမိရအပ်သောကုသိုလ်အဖို့ကို တစ်ယောက်ယောက်အားဖြစ်စေ၊ သတ္တဝါအားလုံး အားဖြစ်စေ မိမိနှင့်အညီအမျှ ကုသိုလ်ရပါစေဟု သဘောထား၍ ဝေငှလေ့ရှိကြ၏။ ထိုသို့ပြုလုပ်ခြင်းသည် ကောင်းသော အလုပ်တစ်ခုဖြစ်ပေသည်။ ကုသိုလ်အဖို့ကို အမျှပေးဝေမှုကြောင့် မိမိမှာ ကုသိုလ်များ မလျော့ဘဲ တိုးပွား၍ပင်လာပါသည်။ ဥပမာအားဖြင့် ဖရောင်းတိုင်တစ်တိုင်ကို မီးထွန်းထားရာ၌ အခြားဖယောင်းတိုင်များဖြင့် မီးကူးယူသော်လည်း မူလဖယောင်းတိုင်မှာ မီးအရှိန်မလျော့သည့်အပြင် နောက်ထပ်အရောင်အလင်းများလည်း တိုးပွား၍ ပိုမိုထိန်လင်း လာသကဲ့သို့ မိမိမှာ ကုသိုလ်အရှိန် မလျော့သည့်အပြင်, သူတစ်ပါးအား ပေးဝေခြင်း 'ပတ္တိဒါနကုသိုလ်'ပင် ရပါသေးသည်။ ထို့ကြောင့် မိမိပြုလုပ်သောကုသိုလ်သည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သတ္တဝါအားလုံးတို့အား ပေးဝေရမည် ဖြစ်သည်။ ကုသိုလ်တိုးပွားအောင် ပြုလုပ်ခြင်းတစ်မျိုး ဖြစ်သော ထိုအမျှဝေခြင်း(ပတ္တိဒါန)သည် နှစ်မျိုး ရှိပေသည်။ ယင်းမှာ--

(၁) ဥဒ္ဒိဿိကပတ္တိဒါန= တစ်ဦးတစ်ယောက်ကို ရည်ညွှန်း၍, သေသူကို ရည်ညွှန်း ၍ပေးလှူပြီးနောက် ကုသိုလ်အဖို့ကို အမျှပေးဝေခြင်း၊

(၂) အနုဒ္ဒိဿိကပတ္တိဒါန=မည်သူ့ကိုမျှ မရည်ညွှန်းဘဲ ကုသိုလ်အဖို့ကို ပေးဝေခြင်းတို့ ဖြစ်သည်။

အမျှဝေခြင်းသည် ယခုခေတ် ဗုဒ္ဓဘာသာဝင်တို့ တီထွင်ကြံဆ၍ ပြုလုပ်အပ်သော အလေ့အထ မဟုတ်ပေ။ ပိဋကတ်တော်များ၌ အမျှဝေခြင်း အကြောင်း၊ အမျှရ၍ အကျိုးခံစားရပုံတို့ အများအပြား ပင် ရှိပေသည်။ အမျှဝေခြင်းအကျိုးကို ခံစားရသော သတ္တဝါတို့မှာ တဇ္ဆေ, သူရဲ, သဘက်ဟု လူတို့သိရှိထား သော ပြိတ္တာဘုံသား သတ္တဝါတို့ပင် ဖြစ်လေသည်။

ပြိတ္တာအသူရကာယ်တို့၏ဘဝသည် လောဘ ကြီးသူ, မနာလိုဝန်တိုကပ်စေးနဲသူတို့ ရောက်ရသော ဘဝဖြစ်ပေသည်။ ထိုပြိတ္တာဘုံဘဝသည် အစာရေစာ ငတ်မွတ်ဆင်းရဲ၏။ ရေသောက်လို၍ မြစ်ထဲသို့ ဆင်းလျှင်ပင် မိမိပြုခဲ့သော အကုသိုလ်ကံကြောင့် 'ရေ' ပျောက်သွားရလေ၏။ လူတို့စွန့်ပစ်သော ထမင်းလုံး, နှပ်, သလိပ်စသည်တို့ကိုသာ စားသောက်ရရှာသည်။ အိပ်ရာထဲလဲနေသော လူမမာကဲ့သို့ ကံစီမံသည့်အတိုင်း ခံစားနေကြရသဖြင့် 'ကံဘုံ'ဟု ခေါ်သည်။ မည်သည့် နည်းနှင့်မျှ မိမိရလိုသော အရာကို ဝီရိယစိုက်ထုတ်၍ ကြိုးစားလုပ်ယူ၍ရနိုင်သော အခွင့်အရေး မရှိပေ။ လူလူချင်း သနားချစ်ခင်၍ ပေးယူခြင်းကဲ့သို့ ပေး၍, ယူ၍လည်း မရနိုင်ပေ။ ကျန်ရစ်သူများက အလှူဒါန ပြုလုပ်ပြီး အမျှပေးဝေမှသာ ရရှိနိုင်ကြပါသည်။

ဤဘဒ္ဒကမ္ဘာမရောက်မီ (၉၂)ကမ္ဘာထက်၌ "ဖုဿ"မည်သော ဘုရားရှင်လက်ထက်၊ ထိုဘုရားရှင်၏ ညီတော်မင်းသား သုံးယောက်တို့သည် ဘဏ္ဍာရေး မင်းကြီးနှင့် အခွန်ဝန်မင်းတို့အား စည်းစိမ်ဥစ္စာများနှင့် အထွေထွေကိစ္စတို့ကို လွှဲအပ်မှာကြားပြီးလျှင် ကျွန် တစ်ထောင်နှင့်တကွ တစ်ဝါတွင်းလုံး ဆယ်ပါးသီလ စောင့်သုံးလျက် ဘုရားရှင်ကျောင်းတော်၌ နေကြလေ သည်။ လွှဲအပ်ခံရသော ဝန်ကြီးများက ဘုရားအမှူးရှိ သော သံဃာတော်များနှင့်တကွ မင်းသားတို့၏ အခြွေအရံများအတွက် ချက်ပြုတ်၍ ပြုစုကြရ၏။ ထိုအခါ ကိစ္စကြီးငယ် ဆောင်ရွက်ပြုလုပ် ချက်ပြုတ်ကြ သော ဝန်မင်းတို့၏ ဆွေတော်မျိုးတော် ရှစ်သောင်း လေးထောင်ခန့်တို့သည် သံဃာတော်တို့အား မကပ် လှူမီ နေ့စဉ်မပြတ် သား,သမီးတို့ကိုလည်း ကျွေးမွေး ကြ၏။ မိမိတို့လည်း စားသောက်မိကြသဖြင့် ထိုဘဝမှ စုတေကြသော် အားလုံး ပြိတ္တာများဖြစ်ကြ၍ စားရမဲ့ သောက်ရမဲ့ နေကြရလေသည်။ ထိုပြိတ္တာတို့သည် ထိုဖုဿဘုရားရှင်နောက် ပွင့်တော်မူလာသော ဘုရား ရှင်တို့အထံတော်သို့ ချဉ်းကပ်လျက် ၎င်းတို့စားသောက် ရမည့်ကာလ ကျွတ်ရမည့်ကာလကို လျှောက်ထားကြ ရာ "ဂေါတမဘုရား ပွင့်တော်မူလျှင် သင်တို့၏ ဆွေမျိုး ဖြစ်ခဲ့ဖူးသော အခွန်ဝန်သည် ဗိမ္ဗိသာရမင်းဖြစ်၍ ဒါနပြု သောအခါ သင်တို့အား အမျှပေးဝေလိမ့်မည်။ ထိုအခါ သင်တို့ စားသောက်ကြရပြီး ဒီဘဝမှ ကျွတ်လွတ်ကြ လိမ့်မည်"ဟု မိန့်တော်မူခဲ့သဖြင့် အမျှဝေသံကို မျှော်လင့် နေခဲ့ကြလေသည်။ ဂေါတမဘုရားရှင် ပွင့် တော်မူလာ ပြီး ဗိမ္ဗိသာရမင်းသည် ရှေးဦးစွာ အလှူဒါန ပြုလုပ်သော အခါ အမျှမဝေမိသဖြင့် ကုသိုလ်ကောင်းမှု အဖို့အစု မရကြပေ။ ထို့ကြောင့် ညဉ့်အခါ၌ ကြောက် မက်ဖွယ် သော အသံပြုလျက် ကိုယ်ထင်ပြကြလေသည်။

"ဗိမ္ဗိသာရမင်း"သည် ဘုရားအထံတော်သို့ လာ၍ အကြောင်းစုံကို လျှောက်ထားရာ ဘုရားရှင်က ရှေးရှေးက ဖြစ်ခဲ့သော အကြောင်းစုံကို ဟောပြတော်မူ လေသည်။ ထို့နောက် ဗိမ္ဗိသာရမင်းသည် "သင်္ကန်း, ဆွမ်း"စသည်တို့ကို ထပ်မံလှူဒါန်း၍ အမျှပေးဝေသော အခါမှသာလျှင် ထိုပြိတ္တာအပေါင်းသည် သာဓုခေါ်ကြ ရပြီး ပြိတ္တာဘဝမှ လွတ်မြောက်ကာ နတ်ဝတ်တန်ဆာ နတ်အစားများပေါ်ပေါက်၍ ချမ်းသာသုခကို ခံစားကြ ရသည်။

သံဃာတော်တို့၏ ဆွမ်းကွမ်း ဝေယျာဝစ္စ ဆောင်ရွက်ကြသော ဗုဒ္ဓဘာသာဝင်သူတော်စင် ပုဂ္ဂိုလ် တို့သည် ဆွမ်းဦးဆွမ်းဖျားကို မစားမိစေရန် ကလေးများ ကိုလည်း မကျွေးမိစေရန် အထူးပင် သတိပြု၍ ရှောင် ရှားရပေမည်။ အထက်ပါသာဓကကို ကြည့်ရှုခြင်းဖြင့် ကြောက်လန့်ဖွယ်ရာ ကောင်းပေသည်။

အချို့အရပ်ဒေသ၌ ကွယ်လွန်သူ ဘဝကူး ကောင်းစေရန် စသည်ဖြင့် ရည်ရွယ်၍ သေဆုံးသူ အတွက် အခေါင်းထဲသို့ ထမင်းထုပ်ထည့်ပေးခြင်း၊ ဆန်ထည့်ပေးခြင်း၊ အဝတ်, ပုဆိုး, အင်္ကျီထည့်ပေးခြင်း နှင့် ပါးစပ်ထဲသို့ ကူးတို့ခ ထည့်ပေးခြင်းစသည်တို့ကို ပြုလုပ်လေ့ရှိကြ၏။ ထိုသို့ ပြုလုပ်၍ပေးခြင်းသည် သေဆုံးသူအတွက် ရနိုင်သော ပေးခြင်းမျိုး မဟုတ်ပေ။ ကုသိုလ်ကောင်းမှု အလှူဒါနပြု၍ အမျှပေးဝေခြင်းသာ ရနိုင်သော ပေးခြင်းမျိုးဖြစ်သည်။

ယင်းသို့ ကုသိုလ်ကောင်းမှုအလှူဒါနပြု၍ အမျှပေးဝေသော်လည်း ပေးတိုင်းရရှိသည် မဟုတ်ပေ။ အလှူဒါနပြုလုပ်၍ အမျှပေးဝေရာ၌ သေဆုံးသွားသူ သည် ငရဲသို့ ကျရောက်သွားလျှင်သော်လည်းကောင်း၊ တိရစ္ဆာန်ဖြစ်သွားသော်လည်းကောင်း၊ အလွန်ဝေး သော တော, တောင်, မြစ်, သမုဒ္ဒရာကမ်း၌ ပြိတ္တာ ဖြစ်နေခဲ့သော်လည်းကောင်း၊ အမိဝမ်း၌ ဖြစ်နေခဲ့ ရသော်လည်းကောင်း၊ နတ်ဗြဟ္မာဖြစ်နေခဲ့သော် လည်းကောင်း ကျန်ရစ်သူတို့က လှူဒါန်းသောကုသိုလ် ကို ယင်းပုဂ္ဂိုလ်တို့ မသိနိုင်ကြပေ။ ထို့ပြင် သိနိုင်ကြ သော်လည်း သာဓု မခေါ်လျှင် ထိုသူတို့မှာ အကျိုးထူး မခံစားကြရပေ။ ထိုသို့ ကွယ်လွန်သူများ အကျိုးထူး တရား မခံစားရသော်လည်း ကုသိုလ်ပြုလုပ်သူများမှာ အချည်းနှီး မဖြစ်ပေ။ ကုသိုလ်ကောင်းမှု ရကြသည်သာ ဖြစ်ပေသည်။ ကွယ်လွန်သူသည် မိမိအိမ်, မိမိရွာ, မိမိမြို့၏ အနီးအပါးအကြိုအကြား၌ သွားလာလျက် စားရမဲ့ သောက်ရမဲ့ ပြိတ္တာမျိုးဖြစ်နေလျှင် ကျန်ရစ်သော မိဘဆွေမျိုးများက ဆွမ်းသင်္ကန်းစသည်ကို လှူဒါန်း၍-

“ဤအလှူသည် ကွယ်လွန်သွားခဲ့သော မိဘ ဆွေမျိုးအတွက် ဖြစ်ပါစေသတည်း၊ ကွယ်လွန်ပြီးသော မည်သူမည်ဝါသည် ချမ်းသာပါစေသတည်း၊ ဤ ကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ပါလေ့ အညီအမျှကုသိုလ်ရအောင် အမျှယူပါလော့၊ အမျှပေးဝေပါ၏”ဟု- ပြောဆို၍ အမျှဝေသောအခါ ထိုပြိတ္တာများ တွေ့မြင်ကြားသိနိုင်၍ သာဓုခေါ်လျှင် အစားအစာနှင့် အဝတ်အထည်စသည်တို့ကို နတ်သမီး နတ်သားများကဲ့သို့ပင် ရရှိနိုင်ကြလေသည်။ မိမိအတွက် လှူဒါန်းနေသော်လည်း မမြင်မကြားရသဖြင့် သာဓု မခေါ်နိုင်လျှင် မရကြသေးပေ။

ထို့ကြောင့် ကွယ်လွန်သူကို ရည်မှန်း၍ အလှူ ဒါန ပြုလုပ်သောအခါ မပြုမီကပင် အချို့အရပ်ဒေသ၌ သုသာန်စသည်သို့သွား၍ “ယနေ့ အလှူဒါနပြုမှာမို့ လိုက်ခဲ့ပါ”ဟု ဖိတ်ခေါ်ကာ အိမ်သို့ ခေါ်လာကြသည်။ ထိုကုသိုလ်ကို အလွန်ဝေးသောရှေးရှေးဘဝက ပြိတ္တာ ဖြစ်နေကြသော ဆွေဟောင်းမျိုးဟောင်းများလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်လျှင် ကုသိုလ် အဖို့ဘာဂကို ရရှိကြမည်ဖြစ်သည်။

ထို့ပြင် အလှူဒါနပြုလုပ်ရာတွင် သတိထားသင့် သော အချက်လည်း ရှိပေသည်။ အလှူဒါန ပြုလုပ်ရာ တွင် မိမိကလည်း သီလဆောက်တည်ထားရမည်။ အလှူခံ ပုဂ္ဂိုလ်ကိုလည်း သီလရှိသောသူကို ရွေးချယ် လှူဒါန်းရမည် ဖြစ်သည်။

အတိတ်ကာလ၌ မုဆိုးတစ်ယောက်သည် သေဆုံးသွားသော ဆွေမျိုးတို့အား ရည်မှန်းလျက် သီလမရှိသော ‘ဒုသီလ’ ရဟန်းတစ်ပါးအား နှစ်ကြိမ် တိုင်အောင် အလှူပေး၍ အမျှပေးဝေသော်လည်း မရရှိဘဲ ဖြစ်နေ၏။ သုံးကြိမ်မြောက် ထပ်မံ၍ ပေးလှူပြန် ၏။ ထိုသို့သုံးကြိမ်မြောက် ပေးလှူသောအခါ ဆွေမျိုးပြိတ္တာက “ဒုသီလော မံ ဝိလုမ္ပတိ-ငါ့အတွက် ရည်မှန်း၍ လှူဒါန်းအပ်သောဥစ္စာကို ဒုသီလကြီးသည် လုယူထားလေ၏” ဟု အော်ဟစ်လေသည်။

ဤ၌ အလှူပေးသူက မုဆိုးဖြစ်၍ အလှူခံ ပုဂ္ဂိုလ်က ဒုသီလဖြစ်နေသောကြောင့် အလှူပေးသူ အလှူခံယူသူ နှစ်ဦးနှစ်ဘက်စလုံး စင်ကြယ်မှု မရှိသော ကြောင့် “ပေးကား ပေး၏ မရ” ဖြစ်ရ၏။ ထို့ကြောင့် သေဆုံးသူတို့အား ရည်မှန်း၍ လှူဒါန်းကြရာ၌

မိမိကိုယ်တိုင် သီလဆောက်တည်လျက် သီလရှိသူအားလှူဒါန်း၍ အမျှပေးဝေမှသာ ကုသိုလ်အဖို့ဘာဂ ရဖွယ်ရှိကြောင်းကို သတိပြုကြရပေမည်။ သီလရှိသော ပုဂ္ဂိုလ်ကို ရွေးချယ်ရန်လွယ်ကူသောနည်းမှာ သံဃာကို လှူဒါန်းခြင်းသာ ဖြစ်၏။ သံဃာဆိုရာ၌ ရဟန်းတော်များ အပေါင်းအစုကိုသာ 'သံဃာ'ဟု မမှတ်သင့်ပေ။ ရဟန်းတစ်ပါးတည်းပင်ဖြစ်သော်လည်း သာသနာတော် တစ်ခုလုံးရှိ သံဃာတော် အရှင်မြတ်များကို စိတ်ထဲကရည်မှတ်၍ ' သံဃဿ ဒေမ = သံဃာအား လှူပါ၏'ဟု သံဃာကို ရည်စူး၍လှူလျှင် "သံဃိကဒါန" ဖြစ်နိုင်၏။ သို့ဖြစ်၍ ပေးလှူသည့် အခါတိုင်း သံဃာအားသာလျှင် ရည်စူး၍ လှူဒါန်းသင့်ပေသည်။ ဤသည်ကား သေဆုံးသူများအတွက် ရည်စူးလှူဒါန်း အမျှပေးဝေခြင်း အကြောင်း ဖြစ်၏။

ဗုဒ္ဓဘာသာဝင်တို့သည် ရည်စူးလှူဒါန်းခြင်း မဟုတ်ပဲ မိမိနေ့စဉ် ပြုလုပ်နေကြကုသိုလ်၊ ထူးထူးကဲကဲ ပြုလုပ်သော ကုသိုလ်တို့ကိုလည်း သတ္တဝါအားလုံးတို့အား အမျှပေးဝေခြင်း ပြုကြလေသည်။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဆင်းရဲသားတစ်ဦးသည် ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆန်ကွဲနှင့်လုပ်သော မုန့်ခဲဘွယ်ကို ဆက်ကပ်လှူဒါန်း၏။ ဘုရားရှင်သည် အလှူ၏အကျိုးကို ချီးမွမ်းလျက် ဘုဉ်းပေးသုံးဆောင်လေသည်။ ထိုအခါ မင်းနှင့်တကွပြည်သူပြည်သားတို့ ဆင်းရဲသားထံသို့ ချဉ်းကပ်ကြကုန်လျက် "အဆွေ တစ်ရာသောအသပြာကိုလည်းကောင်း၊ နှစ်ရာသော အသပြာတို့ကိုလည်းကောင်း ယူ၍ ငါတို့အား သင့်အလှူ၏အဘို့ကို အမျှပေးပါလော့"ဟု တောင်းဆိုကြ၏။ သူဆင်းရဲသည် ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားရာ မြတ်စွာဘုရားရှင်က "ဓနံ ဂဟေတွာ ဝါ အဂ္ဂဟေတွာ ဝါ သဗ္ဗသတ္တာနံ ပတ္တိံ ဒေဟိ" အသပြာကို ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ အလုံးစုံသော သတ္တဝါတို့အား ကုသိုလ်၏အဘို့ကို အမျှပေးပါ" ဟု မိန့်တော်မူလေသည်။ ထိုမှအစဉ်အဆက်အားဖြင့် ကုသိုလ်ပြုသည့်အခါတိုင်း အမျှပေးဝေခြင်းအမှုကို ပြုလုပ်လေ့ရှိခဲ့သည်။

မိမိ၏ ကုသိုလ်ကောင်းမှုတို့၏ အဘို့အစုကို အမျှပေးဝေရာ၌ မမေ့သင့်သော ပုဂ္ဂိုလ်လည်း ရှိပေသည်။ ထိုပုဂ္ဂိုလ်ကား ယမမင်းပင် ဖြစ်လေသည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဘဝတည်ဆောက်ရာ၌ ကုသိုလ်အလုပ် အကုသိုလ်အလုပ်များကို ပြုလုပ်မိကြပေသည်။ ဘဝသံသရာတွင်လည်း မပြုလုပ်ဘူးသော ကုသိုလ်သာရှိသည်။ မပြုလုပ်ဘူးသော အကုသိုလ် မရှိ။ ထို့ကြောင့် သေခါနီးကာလ၌ ကုသိုလ်တရားကိုနှလုံးသွင်းမှု၊ အကုသိုလ်တရားကို နှလုံးသွင်းမှုတို့တွင် တစ်မျိုးမျိုးကို နှလုံးသွင်း၍ သေကြရသည်။ အကုသိုလ်ကိုနှလုံးသွင်း၍ သေလွန်လျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ စသောဘုံဘဝသို့ ရောက်ရပေလိမ့်မည်။ ထိုသို့ မသင့်မတင့်နှလုံးသွင်းမှုဖြင့် သေလွန်၍ ငရဲပြည်သို့ ရောက်သွားသူ အား ငရဲပြည်ကို အစိုးရသောယမမင်းက "ဤပုဂ္ဂိုလ်သည် လူဖြစ်စဉ် ဘဝ၌ ကုသိုလ်ပြု၍ မိမိအား အမျှပေးဝေ ဘူးသလော၊ မပေးဝေဘူးသလော" ဟု ဆင်ခြင်လျက် အမျှပေးဝေဘူးသူအား နတ်ပြည်သို့ပို့ဆောင်၍ အမျှမပေးဝေဘူးသူအား ငရဲပြည်၌သာလျှင် ထားလေ၏။ ထို့ကြောင့် အမျှပေးဝေသည့်အခါတိုင်း ယမမင်းကို မမေ့ရန်လည်း လိုအပ်ပေသည်။

ထို့ပြင် သုံးဆယ့်တစ်ဘုံသားတို့ကို အမျှပေးဝေလေ့ရှိသည်။ "ဣဒံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဘာဇေမ = ဤကုသိုလ်ကောင်းမှုအဘို့ကို သုံးဆယ့်တစ်ဘုံ၌ ရှိကြကုန်သော ဝေနေယျသုခိတ ဒုက္ခိတသတ္တဝါအပေါင်းအား အမျှပေးဝေပါ၏" ဟုဆို၍ အမျှပေးလေ့ရှိကြပါသည်။ ထိုသို့ပေးရာ၌ သတ္တဝါတိုင်း မခေါ်ဆိုနိုင်ကြသော်လည်း ထိုသို့ပြုလုပ်ခြင်းမှာ သတ္တဝါအပေါင်းအား မေတ္တာစေတနာထားခြင်းတစ်မျိုးဖြစ်သည်။ မိမိသည်

ကုသိုလ်ကောင်းမှု အကျိုးတို့ ရရှိသလို သတ္တဝါအားလုံးတို့လည်း မိမိကဲ့သို့ ကောင်းကျိုးရရှိ၍ ချမ်းသာစေလိုခြင်း ဖြစ်ပေသည်။

## ရေစက်ချခြင်း

ဗုဒ္ဓဘာသာဝင်တို့သည် ဒါနစသော ကုသိုလ်ကောင်းမှုများကို နေ့စဉ်လိုလို ပြုလုပ်နေကြ၏။ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီးနောက် "ရေစက်ချခြင်း" အမှုကိုလည်း ပြုလုပ်လေ့ရှိကြ၏။

ထိုသို့ရေစက်ချရာ၌ အချို့သောပုဂ္ဂိုလ်တို့က "ရေစက်မချလည်း ကုသိုလ်ရပြီးသား"ဟု သဘောထား၍ ရေစက်ချခြင်းကို မပြုလုပ်ကြ။ အချို့ကလည်း မိရိုးဖလာအရ လုပ်နေရသော်လည်း အကျိုးရှိ၏၊ မရှိ၏ဟု ကျနသေချာစွာ နားမလည်ကြပေ။ ထိုသို့ရေစက်ချခြင်းအလုပ်သည် မည်သည့်အချိန်က စတင်ခဲ့သည်ကိုလည်း မသိရှိ နားမလည်ကြပေ။ ရဟန်းတစ်ပါးပါးက ရေ့မှတိုင်ပေးသည်ကို ကုသိုလ်ရှင်က လိုက်၍ဆိုပြီး ရေကရားမှ ရေကိုသွန်းလောင်းခြင်းကို ရေစက်ချသည်ဟူ၍သာ လူတိုင်းလိုလိုများသောအားဖြင့် နားလည်ထားကြသည်။ စင်စစ်အားဖြင့် ရေစက်ချခြင်းဟူသည် ရေကရားမှ ရေသွန်လိုက်ခြင်းကို ဆိုလိုသည်မဟုတ်၊ ကုသိုလ်ကောင်းမှု ပြုသောအခါ ဆုတောင်းမှုပြုလျက် အထက်ဘဝဂ် အောက်အဝီစိ၌ရှိနေကြကုန်သော သက်ရှိသတ္တဝါအားလုံးတို့အား ကုသိုလ်အဖို့ကို အမျှဝေပြီးလျှင် ဝသုန္ဒြေမြေစောင့်နတ်အား သက်သေအရာ၌ထား၍ တိုင်တည်ခြင်း၊ မဟာပထဝီ မြေကြီးကို သက်သေအရာ၌ တည်စေခြင်းအတွက် မဟာပထဝီမြေကြီးပေါ်သို့ ရေသွန်လောင်းခြင်းသာ ဖြစ်သည်။ ထိုကဲ့သို့ မဟာပထဝီမြေကြီးအပေါ်သို့ သွန်းလောင်းရေစက်ချခြင်းအပြင် မြတ်စွာဘုရားရှင်လက်တော်၊ အလှူပွဲ၌ မထေရ်ကြီး၏လက်တော်ပေါ်သို့ ရေစက်ကိုသွန်လောင်းချ၍ ရေစက်ချခြင်းမျိုးလည်း ရှိပေသည်။

ရေစက်ချခြင်း အလေ့အထသည် ယခုမှပေါ်ပေါက်လာသည်မဟုတ်ပေ၊ ဂေါတမဘုရားအလောင်း ဝေဿန္တရာမင်းကြီးဘဝကပင် ရေစက်ချခြင်း အမှုကိစ္စပြုလုပ်လေ့ရှိသည်ကို တွေ့ရှိရသည်။ ထိုမျှသာမက အခြားသောဘုရားဟော ပိဋကတ်တော် ဇာတ်တော်များ၌လည်း ကုသိုလ်ပြုပြီး၍ ရေစက်ချခြင်းအလေ့အထများ များစွာရှိပေသည်။

ဝေဿန္တရာမင်းကြီးသည် ဒါနတရား၌ အလွန်မွေ့လျော်သူဖြစ်သည်။ ထို့ကြောင့်လည်း သာသနာ့သမိုင်းတွင် အလှူအတန်းနှင့် ပတ်သက်လာလျှင် မော်ကွန်းဝင်ပုဂ္ဂိုလ်ကျော်တစ်ဦး ဖြစ်သည်။ ယခုမျက်မှောက်၌လည်း အလှူအတန်းအားကြီးသူများကို ခေတ်သစ်ဝေဿန္တရာ၊ လက်သစ်ဝေဿန္တရာဟု တင်စား၍ မှည့်ခေါ်ကြလေသည်။ ဝေဿန္တရာမင်းကြီးသည် အလှူဒါနပြုရာ၌ လှူဖွယ်ဝတ္ထုအမျိုးမျိုးကို အလှူခံပုဂ္ဂိုလ်အမျိုးမျိုးအား အချိန်အခါမရွေး နေရာဒေသမရွေး ရက်ရောစွာ အကြိမ်ကြိမ်အဖန်ဖန် လှူခဲ့လေသည်။ သဗ္ဗညုတဉာဏ်တော်ကို ဦးတည်၍ လှူသော အလှူဖြစ်သဖြင့်လည်း ပါရမီမြောက်ကုသိုလ်ဖြစ်ရန် အဓိကထား၍ လှူဒါန်းခဲ့လေသည်။ ထို့ကြောင့်လည်း အလှူခံပုဂ္ဂိုလ်ရွေးချယ်မှု အကျိုးကြီးမှု၊ သေးမှုစသည် ရွေးချယ်ခြင်းမရှိဘဲ လှူဒါန်းခဲ့သည်။

ထိုသို့အလှူဒါနပြုရာ၌ ဆင်ဖြူတော်ကို လှူရာတွင်လည်းကောင်း၊ သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို ဇူဇကာပုဏ္ဏားအား လှူရာတွင်လည်းကောင်း၊ မဒ္ဒီဒေဝီကို ပုဏ္ဏားအယောင်ဆောင်ထားသော သိကြားမင်းအားလှူရာတွင်လည်းကောင်း ရေကရားဖြင့် ရေစက်သွန်းချ၍ လှူတော်မူခဲ့သည်။ ဤကဲ့သို့ အလှူပေးသည့်အခါတိုင်းတွင် ဝေဿန္တရာမင်းကြီးသည် "ဤသို့အလှူပေးခြင်း ကောင်းမှုသည် သဗ္ဗညုတဉာဏ်တော်၏ အထောက်အပံ့ ဖြစ်ပါစေသတည်း"ဟု ဆုတောင်းပတ္ထနာ ပြုလျက် ရေကရားဖြင့် ရေစက်သွန်းချသောအခါ ရေစက်မြေထက်သို့

ကျစဉ်ပင်လျှင် မဟာပထဝီ မြေကြီးသည် ပွဲတင်ထပ်မျှ ပြင်းစွာတုန်လှုပ်ခဲ့၏။ ထိုသို့တုန်လှုပ်ခြင်းသည် ဝေဿန္တရာမင်းကြီး ဖြည့်ကျင့်ခဲ့သော ဒါနပါရမီကို သက်သေတည်သည့်အနေဖြင့် မြေကြီးကတုန့်ပြန် ထောက်ခံခဲ့ခြင်းဖြစ်၏။ ထို့ပြင် ရေစက်အသွန်းခံရသည့် မဟာပထဝီမြေကြီးသည် သက်သေပြုလုပ်ပေးရမည့် အခွင့်အခါ ကြုံကြိုက်လာပါက သက်သေအဖြစ် တည်ပေးခဲ့သည်လည်း ရှိခဲ့ပေသည်။ သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ ရောက်ရှိချိန်၌ မြတ်စွာဘုရားရှင်ကို ဆန့်ကျင်တိုက်ခိုက်လာသော မာရ်နတ်မင်းကို မဟာပထဝီမြေကြီးက "ဘုရားအလောင်းတော် ပြုခဲ့သည့် ကုသိုလ်ကောင်းမှုတွေကို အကျွန်ုပ်သိပါသည်"ဟု သက်သေပြသည့်အနေဖြင့် မြေငလျင်လှုပ်ပေးခြင်း၊ တော်လည်းသံ မြည်ဟည်းပေးခြင်းတို့ဖြင့် မြတ်စွာဘုရားဘက်မှနေ၍ ရပ်တည်ပေးခဲ့ကြောင်း သိရှိရပေသည်။

ဤသို့ဆိုသော် အလှူဒါနပြုလုပ်ရာ၌ ရေစက်မချပါက ဒါနမမြောက်ဟုထင်မြင်ယူဆစရာ ရှိပေသည်။ ရေစက်မချဘဲ လှူဒါန်းပါကလည်း ဒါနမြောက်ပါသည်။ ထိုသို့ ဒါနမြောက်ပါသော်လည်း ရေစက်မချမှု၍ ဒါနပြုလျှင် ဒါနကုသိုလ်တစ်ခုတည်းသာရရှိ၍ ရေစက်ချ၍ လှူသော အလှူသည် ဒါနကုသိုလ်နှင့်တကွ ပတ္တိဒါန=အမျှဝေ ကုသိုလ်နှင့် ပတ္တာနုမောဒန=သာဓုခေါ်ဆိုခြင်း ကုသိုလ်လည်းရနိုင်သောကြောင့် ဒါနပြုလျှင် ရေစက်ချသင့်ပေသည်။ သို့ဖြစ်၍ ဒါနပြုသည့်အခါတိုင်း အကြောင်းညီညွတ်လျှင် ရေစက်ချပြီး လှူဒါန်းရမည် ဖြစ်ပေသည်။ ရေစက်ချရန် အကြောင်းမညီညွတ်လျှင်လည်း ရေစက်မချဘဲလှူဒါန်းနိုင်သည်။ ဆိုခဲ့ပြီးသော အကျိုးတရားများကို သိရှိနားလည်ပါက ရေစက်ချခြင်း အလုပ်သည် လုပ်သင့်လုပ်ထိုက်သော အလုပ်ဖြစ်ကြောင်း မှတ်ယူထားရမည် ဖြစ်ပေသည်။

အချုပ်အားဖြင့် ဆိုရသော် ဗုဒ္ဓဘာသာဝင်တို့သည် အလှူဒါနပြုလုပ်ရာ၌ ရှေးဘုရားအလောင်းတော်များမှစ၍ ဘိုးဘွားအစဉ်အဆက် ကျင့်သုံးခဲ့သော ဆုတောင်းခြင်း၊ အမျှဝေခြင်း၊ ရေစက်သွန်းချခြင်းတို့ကို ကုသိုလ် ပြုသည့်အခါတိုင်း မဖြစ်မနေ ပြုကျင့်ရမည် ဖြစ်သည်။ ဤသို့ ပြုကျင့်ခြင်းဖြင့် ဘာသာရေးယဉ်ကျေးမှု ဓလေ့ ထုံးစံများကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရာရောက်သည့်အပြင် ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားစေရမည် ဟူသော မြတ်စွာဘုရားရှင်၏ စကားတော်ကို လိုက်နာ ကျင့်သုံးရာလည်း ရောက်ပေမည် ဖြစ်ပေသည်။

ဗုဒ္ဓည္ဏွန်ကြား၊ကောင်းမှုများကို၊
ပြုထားမှန်မှန်၊အားထုတ်ပြန်သော်၊
လိုဟန်ကိစ္စ၊ဆုတောင်းကြ၍၊
များစွာ့ဝေနေ၊ များဗိုလ်ချေလည်း၊
ရစေအမျှပေးဝေငှလျက်၊
တစ်ချက်သက်သေ၊ဖြစ်စေဘို့ရန်၊
ပံသုမြေလွှာ၊ကမ္ဘာလာအား၊
သွန်းထားရေစက်၊လောင်းလျက်ကာသာ၊
ဒါနအစ၊များပုညကို၊ပြုကြနိုင်စေသော်။

အရှင်ကေလာသ (မစိုးရိမ်)

## ရှေးမူမပျက် ရှေးသို့ဆက်ကြစို့

အရှင်တေဇနိယ (မစိုးရိမ်)

ဗုဒ္ဓရှင်တော်မြတ်ဘုရား ပွင့်ပေါ်၍လာတော့မည်ဆိုလျှင် ပုဗ္ဗနိမိတ်ခေါ်သည့် ရှေ့ပြေးနိမိတ် ကြာရုံပင်ကြီး ပေါ်ပေါက်လေ့ရှိပါ၏။ ထိုသို့ ပေါ်ပေါက်လာသော ကြာရုံကြာဖူးကြာပွင့်တို့မှ ကြာသက်န်းများလည်း အလိုအလျောက် ပါရှိခဲ့ပြန်ပါ၏။ ထို့ကြောင့် "ငါးဆူရွှေကြာ၊ နိမိတ်လာ၍၊ ငါးဖြာမွှာလျက်၊ တစ်ပင်နက်ဝယ်၊ ငါးဆက်ဖူးငုံ၊ ပေါ်လတ်တုံက၊ ငါးစုံသက်န်း၊ ကြိုင်ပြန့်မွှန်းကို၊ ငါးခန်းဘုံနေ၊ ယူလေလေ၍" စသည့် အလင်္ကာစာပိုဒ်အတိုင်း ဘုရားအလောင်းတော်ဟာ ထိုကြာသက်န်းအစုံကို ဝတ်ရုံသုံးဆောင်တော်မူ၍ ရဟန်းတရားများ ကျင့်ကြံအားထုတ်တော်မူပြီးလျှင် မဟာသက္ကရာဇ် (၁၀၃)ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ဤအထက်ပါ အကြောင်းအရာ အနုသန္ဓေစကားဆက်ကို နိဒါန်းပြု၍ -

* ကြာပင်အောက်ကဖား၊ ကြာဝတ်ဆံမစားရှို့စားသည်။
* ပျားပိတုန်းကား၊ အဝေးမှလာ၍၊ ကြာဝတ်ဆံစားသည်

-ဟူသော စကားရပ်မှာလည်း အလွန်မှတ်သားစရာ ကောင်းလှလေစွတကား။ အဘယ့်ကြောင့်ဆိုသော် ဖားသူငယ်သည် ပျားပိတုန်းနှင့်မတူ ထူးခြားရသည်မှာကား အသိဉာဏ်ပညာနှင့်သာ ဆိုင်လေသည် ဖြစ်သောကြောင့် တန်ဘိုးရရှိမှု ရလာဘ်ပိုင်းမှာ ကွဲပြားခြားနားရခြင်း ဖြစ်လေ၏။

ထို့အတူပင် သာသနာတွင်းသား သာသနာ့ဝတ်ဆံမစားလျှင် ပိတုန်းအား ရှက်သင့်သည် မဟုတ်ပါလော။ ဤအချင်းအရာသာဓကကို ပိုင်နိုင်စွာ အသုံးချပြီး ပြည်တွင်းပြည်ပ သာသနာပြုသွားခဲ့သော ကျေးဇူးတော်ရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ သာသနာတွင်းသားပီပီ သာသနာ့ကြာဝတ်ဆံကို သုံးဆောင်တော်မူပုံကို လေ့လာကြည့်ရှု ဝမ်းမြောက်နှီးကြားနိုင်ကြပါစေဟူသော ရည်ရွက်ချက်ဖြင့် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

### ကိုးကွယ်ရာ ငါးမျိုး

၁။ ဘုရား ၂။ တရား
၃။ သံဃာ ၄။ အမိ အဘ
၅။ ဆရာသမား-တို့ ဖြစ်ပါသည်။

မှတ်ချက်။ ထိုအရာတို့ကို အနန္တော အနန္တငါးပါး ဟု ခေါ်၏။

### နေ့စဉ်ထုံစေ သရဏဂုံပေ

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၃။ သံဃံ သရဏံ ဂစ္ဆာမိ။

မှတ်ချက်။ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်စေရန် မှတ်ကျောက်တင်သည့် လက္ခဏာကို ပြသောကြောင့် "တံခါး"နှင့် တူ၏ဟုမှတ်။

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် ဤကိုးကွယ်ရာ အစစ်အမှန်တို့ကို ဝေဘန်ပိုင်းခြားသိစေရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယ သုံးပါးစသော ကောင်းမြတ်သော ပါရမီတော်တို့ကို အားထုတ်တော်မူမှသာလျှင် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် သတ်မှတ်ပိုင်းခြားခဲ့ပေ၏။

ထို့ကြောင့် အလွန်မတန် လေးစားထိုက် မြတ်နိုးထိုက် ပူဇော်ထိုက်ပါပေ၏တကား။

ရှေးပညာရှင် အသီးသီးတို့ကလည်း-

၁။ ဗုဒ္ဓဘာသာအစ၊ မင်္ဂလာရှစ်ပါးက။

၂။ ဗုဒ္ဓဘာသာဝင်အစ၊ သရဏဂုံက။

၃။ ရှင်ရဟန်းအစ၊ သရဏဂုံက-ဟု အမွှန်းတင်ဂုဏ်ပြုခဲ့ပါ၏။

ထိုအကြောင်းကို ခိုင်လုံစေရန် သဘာဝယုတ္တိ ပြရဦးမည်ဆိုလျှင် ဘုရား,ပစ္စေကာ,အရိယာရဟန္တာ ပုဂ္ဂိုလ် မထေရ်မြတ်များမှတစ်ပါး အားလုံးသော သတ္တဝါ တို့သည် "သဗ္ဗေ ဘာယန္တိ မစ္စုနော"တဲ့။ သေခြင်းတရား ကို သေခြင်းမှ ကြောက်ကြလေကုန်၏။ သို့သော် အမြဲ တစေ ရင်ဆိုင်ကြရလေကုန်၏။ ထိုသို့ ရင်ဆိုင်ရ၍ စုတိ ပြတ်ကြွေကွယ်လွန်ခဲ့သည်ရှိသော်- နောက်ဆုံး သရဏဂုံ တင်ခြင်း၊ ဆွမ်းသွပ်ခြင်းကိစ္စ အရပ်ရပ်တို့ကို ထောက်ဆ ကြည့်လျှင် မိမိတို့အနေဖြင့် အမြင်ရှင်းပါလိမ့်မည်။

ထို့ကြောင့် ပြည်ပရောက် အမျိုးသား အမျိုးသမီး တို့အတွက် အထူးမှတ်သားစရာအဖြစ် ကျန်ရစ်စေရန် မစိုးရိမ် ထေရ်မဟာမြတ်က အောက်ပါလင်္ကာတို့ဖြင့် စီကုံးရေးသား သတိပေးထားခဲ့ပါ၏။

## လင်္ကာ

၁။ ဘဝတစ်ပါး၊ ကူးပြောင်းသွား၊ ပျက်ပြား သရဏဂုံ။

၂။ သရဏဂုံ ပျက်ပြား၊ ထိုသူများ ရောက်ငြား အပါယ်ဘုံ။

၃။ အပါယ်ဘုံများ၊ မရောက်လိုငြား၊တည်ထား သရဏဂုံ။

ဤရေးသားချက် အနေအထားသည် - အိုးချင်း ထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းညီ" ဆိုသကဲ့သို့ ဘာသာတစ်ပါး ကူးပြောင်းသွားခဲ့သော် အနာတရ ဆိုးကျိုးရလာဘ်ကို မကြုံတွေ့ပါစေနဲ့ ဆိုတဲ့ အနေ အထားပင်တည်း။

ထို့ကြောင့် 'အာစရိယဂုဏော အနန္တော' ဟူသော ဂုဏ်နှင့် လိုက်ဖက် ညီပါပေစွ။

တစ်ဆက်တည်းမှာပင်- အာစရိယ = ဆရာ ဟူသည် -

"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော"။

အဓိပ္ပါယ်ဖွင့်ဆိုရန် လိုအပ်မည် မထင်ပါ။

ဤကဲ့သို့ ဆရာထေရ်အဆက်ဆက်တို့သည် "ကျောက်ကြီးတော့ ငါးခို" ဟူသောစကားအရ - မြတ်စွာ ဘုရားတည်းဟူသော ဆရာစစ် ဆရာမှန်၏ သွန်သင် ဆုံးမမှုအောက်၌ တည်ရှိရပေ၏။ ခိုမှီရပေ၏။

ထို့ကြောင့် "ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ပြ မြတ်တရားကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှ ကျေးဇူးတွေ"လို့ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော် ကလည်း ရေးသားဂုဏ်ပြု မှတ်တမ်းတင်ခဲ့လေ၏။ ဤအချင်းအရာကို ထောက်ဆလျှင် အဓိကလိုရင်း ပိဋကတ်ထက်ကောက်ရမည်ဆိုပါက အနန္တကျေးဇူးတော်ရှင် ဘုရားပင် ဧကန်ယုတ္တိတန်လှပါပေ၏။

ထိုကဲ့သို့ သုံးလောကထွတ်ထား ရှင်တော်မြတ် ဘုရားက ဝေနေယျာကြာ သတ္တဝါတို့ရဲ့အပေါ်မှာ သနားခြင်း မဟာကရုဏာပြဌာန်းကာ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီး သက်တော် ရှစ်ဆယ်၊ ဝါတော်-၄၅-ဝါ အရတွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်တွင်း၌ ပရိနိဗ္ဗာန် ပြုတော်မူပါသည်။

## အလာကောင်းသော်လည်း အခါနှောင်းရှာပေ

ထိုအကြောင်းအရာကို မသိသေးရှာသော တပည့်ကြီးဖြစ်သူ အရှင်မဟာကဿပ မထေရ်နှင့် နောက်လိုက်နောက်ပါ တပည့်သံဃာ ၅၀၀-တို့သည် "ဘဂဝန္တံ ဒဿနာယ" ဘုရားရှင်ကို ဖူးမြင်ဖို့ရန်အလို့ငှါ ပါဝါပြည်မှ ကုသိနာရုံ ရဂုံသာမော အင်ကြင်းဥယျာဉ်သို့ ကြွရောက်လို့အလာ လမ်းခုလပ် သစ်ပင်ရိပ်သို့ အနား ယူစဉ် တက္ကတွန်းတစ်ယောက်နှင့် တွေ့သဖြင့် မြတ်စွာ ဘုရားရှင်အကြောင်း စုံစမ်းမေးမြန်းရာ ပရိနိဗ္ဗာန် စံလွန် တော်မူပြီးဖြစ်ကြောင်း လျှောက်ထားလေ၏။ ထိုအခါ ရဟန်းတော်တွေအားလုံး "အမိမဲ့သား ရေနည်းငါးလို" ဖြစ်ရရှာသကဲ့သို့ တွေးကာ ဆွေးကာ ငိုပွဲဖွင့်ဖွဲ့ ကြရ လေ၏။

မှတ်ချက်။ ရဟန္တာပုဂ္ဂိုလ်များကတော့ "သံဝေဂယူ"။

## သူကောင်းတစ်ယောက် ပြစ်တင်ကြောက်လော့

ထိုတွင် သုဘဒ္ဒရဟန်းကမူ-
"လောက လောကရယ်လို့
ပြောကြတဲ့ ဤလူ့ဘုံ၊
သောကနှင့် ကြုံ
တစ်ချို့မှာ ဖတ်ဖတ်မော၊
သောကနှင့် ကြုံ၊
တစ်ချို့မှာ ရွှင်ပြ အကနှင့် အခုန်၊
ဖြစ်ပုံချင်း ကွာခြား၊
စနစ်မညီ မြစ်နဒီ ပမာကမ်းသာပ၊
သူငိုရင် ကိုယ်ပျော်ရလိမ့်မည်၊
ကိုယ်ပျော်ရင် သူငိုရလိမ့်မည်၊
လောကတရား" ဆိုသလို တူညီမှု အနှုတ်

လက္ခဏာကို ပေါ်လွင်စေခဲ့ပါသည်။

အာဝုသော-ငါ့ရှင်တို့၊ အလံ နိရတ္ထကံ- အကျိုးမရှိ တုမှေ-သင်တို့သည်၊ မာသောစိတ္ထ- မစိုးရိမ်ကြကုန်လင့်၊ မာပရိဒေဝိတ္ထ- မငိုကြွေးကြကုန်လင့်၊ မယံ- ငါတို့သည်၊ တေန မဟာသမဏေန- ထိုရဟန်းကြီးဂေါတမမှ၊ သုမုတ္တာ-ကောင်းစွာလွတ်ကုန်သည်၊ ဟောမ- ဖြစ်ကုန်ပြီ ဟုရင်း။ အခုတော့ဖြင့် ရှင်ကြီးဂေါတမလက်မှ လွတ်ပြီ၊ ငါတို့ လုပ်ချင်သလို လုပ်နိုင်ပြီဟု လွတ်လပ်ရေးကို အရောင်တင်ခဲ့ပါ၏။

ထိုအချိန်မှာပင် အရှင်မဟာကဿပ မထေရ် မြတ်ကြီး ကြားသိရသောအခါ "ယခုအချိန်ကစပြီး မဖွယ်ရာသော စကားဖြင့် ပြောဆို စည်းရုံးကြလေပြီ၊ နောင်အချိန်မှာ ဒီလိုရဟန်းမျိုးတွေ တိုးပွားလာပါက အဓမ္မအမှုများ တွင်ကျယ်များပြား လာချေမည်တကား"ဟု ကဲ့ရဲ့တော်မူ၏။

မြတ်ဗုဒ္ဓ ဟောကြားတော်မူသော တရားတော်တွေကို သင်္ဂါယနာ တင်ထားမှသာလျှင် သင့်တော်ကောင်းမြတ်ပေလိမ့်မည်-ဟု ကြံစီစဉ်းစားတော်မူရင်း မြတ်စွာဘုရားပရိနိဗ္ဗာန်စံရာ အင်ကြင်းတောသို့ ရောက်၍ ဘုရားရှင်အား နောက်ဆုံး ကန်တော့ခြင်းဖြင့် ကန့်တော့ ကြလေကုန်၏။

## သုံးလခန့်ကြာသော်

အရှင်မဟာကဿပမထေရ် အမှူးရှိသော ရဟန္တာမထေရ်မြတ် ၅၀၀-တို့သည် အဇာတသတ်မင်းကို ပစ္စည်းလေးပါး ဒါယကာပြုလုပ်စေ၍ ရာဇဂြိုဟ်ပြည် ဝေဘာရတောင် စရည်းပင်ပေါက်ရောက်ရာ သတ္တပဏ္ဏိ ဂူဝ၌ ကြီးကျယ်ခန်းနားသော မဏ္ဍပ်တော်ကြီးတွင် စုပေါင်း၍ သင်္ဂါယနာ တင်တော်မူကြပါသည်။

## သင်္ဂါယနာ

သင်ဟေတွာ ဂါယနံ သင်္ဂါယနာ- ဘုရားဟော ပါဠိတော်တွေကို စုပေါင်း၍ ရွတ်ဆိုခြင်းတည်း။

အမေးပုဂ္ဂိုလ် = အရှင်မဟာကဿပမထေရ်။

အဖြေပုဂ္ဂိုလ် = (ဝိနည်းအရာ) အရှင်ဥပါလိမထေရ်။

= (သုတ္တန်နှင့်အဘိဓမ္မာအရာ) အရှင်အာနန္ဒာမထေရ်မြတ်တို့က ဆောင်ရွက်တော်မူကြပါသည်။

ဤကား မြတ်စွာဘုရား သာသနာ အရှည်ခိုင်ခန့် ကြာမြင့်စွာ တည်ခြင်း၏ အကြောင်းတည်း။

## သာသနာတည်ကြောင်း ၁၅-ပါး

အင်္ဂုတ္တိုရ်လာ၊ သာသနာတည်ကြောင်း၊ တရားပေါင်းကား -

* ရဟန်းများတို့၊ တရားတော်နာ၊ စာပေကိုသင်၊ နှုတ်တွင်ရဆောင်၊ သိအောင်လည်းပြု၊ ဓမ္မာနုပတ်၊ ကျင့်အပ်မကွာ၊ ဤငါးဖြာတည်း။

* တဝါ ထို့ပြင်၊ စာသင်ပြန့်ပြော၊ အကျယ်ဟောပြ၊ အကျယ်ချနှင့်၊ ကျယ်စွာလည်းအံ၊ ကြံကြံစည်စည်၊ ဤငါးမည်တည်း။

* ဝါ တနည်းမှာ၊ အက္ခရာပုဒ်မှန်၊ သင်အံကျက်ကြ၊

ဆုံးမလွယ်ကူ၊ စာချသူများ၊ လာဘ်များ မဖန်၊ ခိုက်ရန် ပယ်ရှား၊ ဤငါးပါးသည်၊ ဘုရားသာသနာ၊ တည်ကြောင်းတည်း။

## ဆရာ့အမြင် သိစေခြင်း

အားလုံးသော ပြည်တွင်းပြည်ပ တပည့်အပေါင်းတို့၏ ကျေးဇူးတော်ရှင် မစိုးရိမ် မဟာထေရ်ကြီးသည် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူခိုက် - "ကျမ်းကြီးဖောက် ပခုက္ကူ၊ နည်းနာယူ၊ မန္တလေး" ဟု အဆိုရှိသောကြောင့် မြန်မာပြည်ရှိ တပည့်သံဃာ သီလရှင်များပါမကျန် မန္တလေးလေးပြင်လေးရပ်ရှိ ကျောင်းတိုက်အသီးသီးတို့၌ စာချအကျော် ထေရ်မဟော်တို့၏ ပညာရည်နို့ သောက်သုံးရန်အလို့ငှါ ကားနှင့်တဖုံ ရထားနှင့်တမျိုး အမျိုးမျိုး ရောက်ရှိလာကြသော စာသင်ပျိုနု အခြေပြုတို့အား -

ယော နိရုတ္တိံ န သိက္ခေယျ၊ သိက္ခန္တော ပိဋကတ္တယံ။
ပဒေ ပဒေ ဝိကင်္ခေယျ၊ ဝနေ အန္ဓဂဇော ယထာ။

သဒ္ဒါတွင် စာမြင်မရှိသူ၊
သုံးပုံမြတ် ပိဋကတ်သင်ယူ၊
ပုဒ်ပါဌ်တိုင်း ထုံထိုင်း ဉာဏ်မဖြူ၊
ဆင်ကန်းမျိုး တောတိုး ပမာယူ-ဟု

နည်းပေးလမ်းညွှန်ကာ အခြေခံမှစ၍ အထက်တန်းကျသော ပါဠိ+အဋ္ဌကထာ +ဋီကာ + ဂဏ္ဌိစသော စာပေကြီးများကို ကြည့်တတ် ရှုတတ် ဆုံးဖြတ်တတ်စေရန် စီစဉ်ညွှန်ကြား အလေးထား၍ အားထုတ်လိုက်ပုံကတော့ဖြင့် ရွှေရတုအခါသို့ တိုင်အောင်ပါပင်တည်း။

ထိုအခါ၌ လာဘ်လာဘကို အထိုက်အလျောက်ထားပြီး ပရိယတ္တိစာပေကိုသာ အလေးထားကာ ဆောင်ရွက်တော်မူပါသည်။ တစ်ခါတစ်ရံ တရားပွဲများပင့်၍ ကြွရောက်ရမည်ဆိုလျှင် စာဝါအမှီ ပြန်ရောက်လေ့ရှိ၏။ ထို့ကြောင့် "အရှိန်ညီးညီး တောက်မည့် မီးကားရင်းရှိနဂို၊ သူ့ပင်ကိုယ်က၊ တရဲရဲတည်း"ဟူသော စကားအရ သာသနာရေးကို ကိုယ့်အရေးကဲ့သို့သဘောထားလိုသောစိတ်မှာ -

"ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့၊
ငါပါအသက်ဆုံးစေမည်၊
စိတ်မပျက်ပေါင် ခုလိုတွေးလို့၊
ကုသိုလ်ရေးမို့ ကြိုးစားမည်ပါဘဲ" ဤမျှမက

ကဗျာလင်္ကာလည်း စပ်လိုက်သေး။

သာသနာရေး ဒို့အရေးပေ၊
ဆရာရော ဒကာရော မလျော့သောစိတ်တွေ၊
ဘယ်ရန်ဘယ်မျိုး ထိုးဖောက်လာစေ၊
ဒို့မမှု ပေါင်းစု ကာကွယ်မလေ။

သာသနာရေး ဒို့အရေးပေ. . . ဟူ၍လည်း သာသနာကို ဂုဏ်မြှင့်စေခဲ့ပြန်ပါသည်။

## စည်တော်သံ ညံမစဲ ဆွမ်းဆန်တော်အလှူပွဲ

အတာကြူးလို့ လတန်ခူးသို့ ရောက်ပြီဆိုလျှင်လည်း မန္တလေးမြို့ ချမ်းသာကြီးဆန်လှူအသင်းကိုယ်စား ရွှေဘိုမြို့နယ် ခရောင်းကြီးကျေးရွာများသို့ ကြွရောက်ကာ သင်္ကြန်အကြိုနေ့မှစ၍ နှစ်ဆန်း ၁-ရက်နေ့တိုင်အောင် တရားပွဲသဘင် ဆင်ယင်ကျင်းပ၍ မဟာတဏ္ဍုလ ဆွမ်းဆန်တော် တင်းပေါင်း တစ်ရာကျော် နှစ်ရာတို့ကို အလှူခံပေးလေ့ရှိပါ၏။ ဝါဆိုလပြည့်နေ့ည ရောက်ပြီဆိုလျှင် ဆရာတော်ရဲ့တရားပွဲက အဖွင့်ပွဲမို့ ကြိုးတို့ ကျဲတဲမဟုတ်ပဲ စည်ကားနေချေသည်တကား။ ထိုဆွမ်းဆန်တော်တို့မှာမူ အသင်းကြီးက လိုအပ်သည်များကို ဖြည့်စွက်၍ လှူဒါန်းရပြန်သော မြို့ပေါ်ရှိ သံဃာတော် အလွန်များလေသောကြောင့် တစ်ပါးလျှင် နှစ်ပြည်နှုန်းသာ လှူဒါန်းနိုင်ပါပေ၏။

## နွေဦးမို့ပင် မေမြို့သို့ဝင်

ဆရာတော်သည် နွေရာသီကျောင်းပိတ်ရက် ရောက်ပြီဆိုလျှင် မေမြို့ခေါ် ပြင်ဦးလွင် ကပ်ကျော်ကျောင်းတိုက်တော်မှာ နောက်လိုက်နောက်ပါ ပစ္စာသမဏနှင့်အတူ မစိုးရိမ် ပါရာဇိကဏ် သီလက္ခန်အဖြေကျမ်းတို့ကို ရေးသားမည်ဟု ရည်ရွယ်ကာ-

"ကျမ်းသိထက် ကျမ်းညှိခက်၊
ကျမ်းညှိထက်- ကျမ်းဆုံးဖြတ်မှုခက်" ဟု အဆိုရှိရာ ထိုအခက်အခဲများနှင့် အတူ ပါဠိ အဋ္ဌကထာ ဋီကာစသည်များကိုမွှေနှောက်ကာ ကြည့်ရှုသုံးသပ်လျက် သမိုင်းအမွေအနှစ်ကို ကျန်ရစ်စေခဲ့ပါသည်။ သို့သော် အဋ္ဌသာလိနီအဖြေကျမ်းကာ အဆုံးမသတ်နိုင်ချေ။

## ကျမ်းပြုပြီးနောက် နယူးရောက်

ထိုသို့ မပြီးပြတ်လေသော အဋ္ဌသာလိနီအဖြေ ကျမ်းနှင့် ဓမ္မပဒေသာစာမူတို့ကိုကား ဤနယူးယောက် အမေရိကန်နိုင်ငံ မစိုးရိမ်သာသနဇောတိကကျောင်းမှာပင် အပြီးအပြတ် ရေးသားတော်မူသည်ကလည်း သမိုင်းတစ်ရပ်ပါပင်တည်း။

## မြို့ရွာအဆင်း ဘုရားကွင်း

ထိုမှတစ်ဖန် မိမိ၏ ဇာတိရပ်ရွာ၌ ရွှေဘုံသာ စေတီတော်မြတ်ကြီးနှင့် သာသနိက အဆောက်အဦ တို့ကိုလည်း အသစ်မွမ်းမံ ပြင်ဆင်တော်မူပြီး ပရိတ်ကျောင်းစသည်များ ဆောက်လုပ်လှူဒါန်းကာ "ရပ်ရွာအဆင်း၊ ဘုရားကွင်း"ဟု အဆိုရှိသည့်အတိုင်း ညီညွတ်စေခဲ့ပြန်ပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ နောင်တပည့် သာဝကတို့ မှတ်သားစေဖို့ အောက်ပါလင်္ကာများနှင့် မှတ်တမ်းတင်ခဲ့လေ၏။

"စေတီအိုမင်း၊ ယိုယွင်းနေလျှင်၊
ပြင်အုံးဆင်အုံး၊ ရွှင်ပြုံးကြည်လင်၊
ဇရပ်တန်ဆောင်း၊ ဂူကျောင်းကိုပြင်၊
သက်ရှည်ကျောင်း၊ နည်းကောင်း နိဗ္ဗာန်ဝင်"။

## နေ့ညအသံမစဲ၊ မြို့ကပဋ္ဌာန်းပွဲ

မိမိသီတင်းသုံးရာ မန္တလေးမြို့ ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံဘုရားကျောင်းများ၌လည်း "ပဋ္ဌာန်းဝတ်အသင်း"များစွာတို့ကိုလည်း အခိုင်အမာဖွဲ့စည်းတော်မူပါပေ၏။ ဆရာတော်ဦးစီး၍ ဖွဲ့စည်းထားသော ဝတ်အသင်းများမှာ-

၁။ ရှင်ပင်ပက်လက် ရေစက်လက်ဝတ်အသင်း။
၂။ ဗုဒ္ဓဝေယျာဝစ္စ ညီညွတ်ရေးအသင်း။
၃။ ရတနာပုံဝတ်အသင်း။
၄။ သမစိတ္တဝတ်အသင်း။
၅။ အောင်ချမ်းသာဝတ်အသင်း။
၆။ ယဉ်ပုံဝတ်အသင်း။
၇။ ပန်းတိမ်ဝင်းဝတ်အသင်း။
၈။ ကျားသျှာဝင်းဝတ်အသင်း။
၉။ သီရိရတနာရွှေတံငါဝတ်အသင်း။
၁၀။ ဓမ္မစာရီဝတ်အသင်း (ဇာတိရွာ)
၁၁။ ဓမ္မသိဒ္ဓိဝတ်အသင်း (အမေရိကန်)-တို့ ဖြစ်ကြပါသည်။

အဆိုပါ ပဋ္ဌာန်းဝတ်အသင်းများနှင့် ပတ်သက်၍လည်း ဤသို့ဤပုံ ဓမ္မဂီတိကဗျာများဖြင့်လည်း ရေးစပ်ခဲ့လေ၏။

"ပဋ္ဌာန်းရွှေစာ၊ ရွတ်ခါပွားလို့၊
အများငါတို့ ပူဇော်မယ်၊
ရင်ဆိုင်တွေ့ရင်၊ အန္တရာယ်ကင်းလို့၊
ရန်စွယ်ခပင်း၊ လုံခြုံတယ်၊
သဒ္ဓါစိတ်သန်၊ ခါခါပွားလို့၊
အများငါတို့ ကြည်ညိုတယ်၊
လွတ်မြောက်ရေးကို ဦးစားပေးလို့၊
မနှေးကြံကြ အမှန်ကွယ်၊
အဲဒါမှ- အနန္တနယ- ပဋ္ဌာန မည်ပေတယ်. . ။

မှတ်ချက်။ ဤမျှလောက်သာ ကျေနပ်ပါ၊ ပဋ္ဌာန်းပါဠိတော်များကို စုပေါင်းရွတ်ဆိုခြင်းသည် "သင်္ဂါယနာ" တင်သည်နှင့် မခြားတမူ အလားတူ၏ဟု မှတ်ပါကုန်။

## မသိသူကျော်သွား၊ သိသူဖော်စား

မိမိအနေဖြင့် လောကစကားနှင့် ပြောရပါမူ "သတိမမူ၊ ဂူမမြင်၊ သတိမူ မြူမြင်" ဟူသောစကားအရ

အနည်းငယ် ဖော်ပြရမည်ဆိုလျှင် စာဖတ်သူ ပရိသတ်များ သိသာထင်ရှားပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဆရာတော်သည် ပြည်တွင်းပြည်ပ သာသနာပြုကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်ရာ၌ အမေရိကသည် နောက်ဆုံးဖြစ်ချေ၏။ ထိုသို့နောက်ဆုံးဖြစ်၍ နောက်ဆုံး စကားတော်မှာ "သိဒ္ဓိ" ဆိုတဲ့ စကားလုံးပင်တည်း။

အဓိပ္ပါယ်ကား- သိဒ္ဓိ၊ ပြည့်စုံခြင်း၊ ပြီးမြောက်ခြင်း၊ အောင်မြင်ခြင်းကို ဆောင်ပါသည်။ ထို့ကြောင့် သိဒ္ဓိဆောင် အောင်မည်-ဟု အဆိုရှိသည့်အတိုင်း မိမိတို့ ပြည်ပရောက် တပည့်သာဝကများ အနေနှင့်လည်း "သိဒ္ဓိဆောင် အောင်မည်" ဟူသော အတိတ်ကောင်း နိမိတ်ကောင်းကိုယူ၍ "သီရိဝရသိဒ္ဓိ-ဆုတောင်းပြည့် မြတ်စွာဘုရားကို ဓမ္မသိဒ္ဓိအမည်ရှိသော ဝတ်အသင်းနှင့် အတူ ဘဝ၏ အောင်မြင်မှုအပေါင်းကို ရယူကြစေကုန်သတည်း-ဟု ပြောကြားသွားသကဲ့သို့ မြင်ယောင်မိပါ၏။ သို့အတွက်ကြောင့် ဆရာတော် ချမှတ်သွားသည့် စည်းကမ်း နည်းလမ်းများကို အသုံးပြုပြီး "ရှေးမူမပျက် ရှေ့သို့ဆက်ကြစို့"ဟု သန္နိဋ္ဌာန်ပြုရင်း ဤမှာပင် နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပါပေသတည်း။

## ဝန်ခံချက်

"ကျရောက်မြူသွင်၊ အပြစ်မြင်က၊
တင်၍နှုတ်သာ၊ ကဲ့ရဲ့ပါနှင့်၊
လျှင်စွာလျှောက်ကူ၊ ပြင်တော်မူရှင့်"။

အရှင်တေဇနိယ (မစိုးရိမ်)

## မောင်ဖြူ မောင်မဲ

အသားမဲလည်း၊ မောင်မဲမဟူ၊
အကျင့် မဲမှ၊ မောင်မဲခေါ်ယူ၊
သီလစသား၊ တရားရှိသူ၊
မြိမှတ်သား၊ ခေါ်ငြား မောင်မောင်ဖြူ။

အသားမဲလည်း၊ မ,မဲ မဟူ၊
အကျင့်မဲမှ၊ မ,မဲ ခေါ်ယူ၊
သီလစသား၊ တရားရှိသူ၊
မြိမှတ်သား၊ ခေါ်ငြား မမဖြူ။

မစိုးရိမ်ဆရာတော်ကြီး

# မေတ္တာတွေပေးကြမယ်

မောင်ပညာ (မန်းတက္ကသိုလ်)

လောဘ ကိုယ့်အတွက်၊ ရည်ရွယ်လျက်၊
သူ့အတွက် အကျိုးထင်။

မေတ္တာ သူ့အတွက်၊ ရည်ရွယ်လျက်၊
ကိုယ့်အတွက် အကျိုးထင်။

ဒီကဗျာလေးကို စာရေးသူတို့ ငယ်ဆရာဖြစ်သည့် အင်းစိန်ရွာပရိယတ္တိစာသင်တိုက် ဆရာတော် အရှင်တိလောကာဘိဝံသ-က တပည့် ဒကာ ဒကာမများအား မကြာခဏ တိုက်တွန်းလေ့ရှိ ဩဝါဒပေးလေ့ရှိတဲ့ ကဗျာလေးပါ။ စာရေးသူတို့နှင့် တရင်းတနှီး အကျွမ်းဝင်နေသော ကဗျာလေး ဖြစ်ပါတယ်။ ကဗျာလေးက တိုတောင်းလှပေမယ့် ရည်ရွယ် ချက်က တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းမိတယ်။ တိကျ ပေါ်လွင်တယ်။

လူသားဆိုသည်မှာ ပျော်ရွှင်ဖို့ ငြိမ်းချမ်းဖို့ အမြဲတမ်း အလိုရှိနေတာ မဟုတ်လား။ အဲဒီအတွက် အသုံးအဆောင်ပစ္စည်းများကို မိမိရဲ့ စိတ်နဲ့ကိုယ်အတွက် ဖျော်ဖြေစရာ ဖိမ်ခံပစ္စည်းအဖြစ် ရှာဖွေ ဝယ်ယူသုံးဆောင်ကြရပြန်တယ်။ တစ်ခါတစ်လေ ကိုယ့်အတွက်ရှာထားတဲ့ ပစ္စည်းတွေက ကိုယ့်အတွက်သုံးဆောင်ရသည်က နည်းနည်း သူ့အတွက် ဂရုစိုက်နေရတာက ခပ်များများရယ်။

## ဒုက္ခမခံစားနိုင်လို့

ဥပမာ - ကိုယ်စီးဖို့ ဝယ်ထားသည့် ကားတစ်စီး ဆိုပါတော့။ သူ့အပေါ်မှာ ကိုယ်ကစီးဖို့ ခရီးသွားလာရေး လွယ်ကူဖို့၊ သက်တောင့်သက်သာ ရှိစေဖို့၊ အချိန်တွေ မနှောင့်နှေးစေဖို့စသည်ဖြင့် မိမိအတွက် အဆင်ပြေစေရန် ဝယ်ထားသည့် ကား။ သို့သော်လည်း ကိုယ့်အတွက် သူ့တာဝန်ယူ ဆောင်ရွက်ပေးတာက နည်းနည်းရယ်၊ အဲဒီကား ထားဖို့၊ ရေဆေးဖို့၊ ဆီထည့်ဖို့၊ ပြင်ဆင်စရာ ရှိတာတွေ ပြင်ဖို့ဆင်ဖို့၊ လူခိုးမှာစိုးသည့် အတွက် သေသေချာချာ သိမ်းဆည်းပြီး သူ့ကို ဂရုတစိုက် တာဝန်ယူ ဆောင်ရွက်ပေးနေရသည်က ခပ်များများပင်။ အဲဒါကြောင့် အချို့သောသူတွေဟာ ကားတန်ကြေး ပေးနိုင်သော်လည်း ကားဒုက္ခ မခံစားနိုင်လို့ အများသုံး လိုင်းကား၊ အငှါးကားပဲ စီးကြသည်လို့ ဆိုကြပါတယ်။

## ကိုယ့်အတွက် ရည်ရွယ်သော်လည်း

ဒီနေရာမှာ ပြောချင်တာက ကိုယ့်အတွက် ရည်ရွယ်ပြီး ရှာထားရတဲ့ ပစ္စည်းဖြစ်ပေမယ့် သူ့အတွက်နဲ့ ကိုယ်က ဂရုစိုက်စောင့်ရှောက်နေရသည့် အချိန်၊ ပူပန်ကြောင့်ကြနေရသည့်အချိန်က အများသားပင် ဖြစ်သည်။ စိတ်ချမ်းသာမှုက နည်းနည်း၊ သူနဲ့ ပတ်သက်လို့ စိတ်ဆင်းရဲနေရသည့် အချိန်က များပါဘိ။

ဒီလိုဆိုတော့ ကိုယ့်အတွက် ရယူပိုင်ဆိုင်နေရပေမယ့် သူ့အတွက်ပဲ စိတ်မချမ်းမသာနဲ့ ပူပင်ကြောင့်ကြ စိုးရိမ်သောက ဖြစ်နေရ၊ ရောက်နေရတယ် ဆိုပါတော့။ ကိုယ့်အတွက် ရည်ရွယ်ပေမဲ့ ကိုယ့်အတွက်မဟုတ်ဘဲ သူ့အတွက် ဖြစ်နေရတာပါဘဲလား။

## သူ့အတွက်ရည်ရွယ်သော်လည်း

ကားစသော ပစ္စည်းဥစ္စာများဟာ ကိုယ့်အတွက် ရည်ရွယ်သော်လည်း သူ့အတွက်ဘဲ ကိုယ်က ပင်ပန်းဆင်းရဲနေရတယ်။ အဲဒါနဲ့ ပြောင်းပြန် ဖြစ်တဲ့ အရာလည်း ရှိပါသေးတယ်။ သူ့အတွက်ရည်ရွယ်ပေမယ့် ကိုယ့်အတွက် ဖြစ်လာတဲ့ အရာပါ။ အဲဒီအရာကတော့ မေတ္တာတရားပါဘဲ။

မေတ္တာကတော့ ကိုယ့်အတွက် မဟုတ်ပါဘူး။ သူ့အတွက် ပေးတာပါ။ ကိုယ် သုံးဆောင် ခံစားဖို့ မဟုတ်ရပါဘူး။ သူ သုံးဆောင်ခံစားနိုင်ဖို့၊ သူ စိတ်ချမ်းသာစေနိုင်ဖို့ ရည်ရွယ်တာပါ။ ဒါပေမဲ့ ကိုယ်က ပေးလိုက်တာက နည်းနည်း၊ ပြန်ရလာတာက အများကြီးရယ်။

အဲဒါကြောင့် - "တစ်နေ့ သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြွက်စွာ၊ မိန့်ခွန်းတည်း"- လို့ ဆရာတော်ဘုရားကြီးများ ရေးစပ်သီးကုံးခဲ့၊ မိန့်မှာဆုံးမ မြွက်ကြားခဲ့ကြတာ ဖြစ်တယ်။

တစ်နေ့သုံးခါ အိုးတစ်ရာ-လို့ ဆိုတော့ တစ်နေ့ ထမင်းအိုးပေါင်း သုံးရာပေါ့။ အဲဒီ ထမင်းအိုးတွေနဲ့ ဘယ်လိုပင် အပင်ပန်းခံ၊ ဘယ်လိုပင် ဖွယ်ဖွယ်ရာရာတွေနဲ့ ချက်ပြုတ်ပြီးတော့ ဘယ်သူ့ကိုမဆို ဘယ်လိုပင် ကျွေးမွေးကျွေးမွေးပါစေ၊ အဲဒီ အကျိုးကျေးဇူးကတော့- နို့စားနွားမတစ်ကောင်ကို နို့ညှစ်တဲ့အခါ နို့တစ်ခါညှစ်စာတိုတောင်းလှတဲ့ အချိန်အတိုင်းအတာလောက်မျှ မေတ္တာကမ္မဋ္ဌာန်း ပွားများနေသူ၊ မေတ္တာပို့သနေသူလောက် အကျိုးကျေးဇူး မများနိုင်ဘူးလို့ မြတ်ဗုဒ္ဓက ဟောကြားထားခဲ့တယ်။ မေတ္တာပို့သခြင်း ရည်ရွယ်ချက်သည် သူ့အတွက် ရည်ရွယ်ပေမဲ့ ရလာတာက ကိုယ့်အတွက် ချည်းပဲပင်။ အဲဒီလောက်တောင် အရင်းအနှီးမများဘဲ အကျိုးကျေးဇူးတွေက အတိုင်းအတာမရှိလောက်အောင် များနေတော့ မေတ္တာပို့သခြင်း၊ ပွားများခြင်း ပြုသင့်လှတဲ့ တရားပဲပေါ့။

## မေတ္တာအတွက် ရည်ရွယ်ချက်

အဲဒါဆိုတော့ မေတ္တာပို့တဲ့ ရည်ရွယ်ချက်လေးတော့ သိသင့်တာပေါ့. . . ။

* ဘေးရန်အန္တရာယ်၊ အသွယ်သွယ်၊
ကွယ်ပစေ လိုတာ။

* ကောင်းကျိုးမှန်သမျှ၊ အပြည့်ဝ၊
ရစေချင်ကြတာ။

* မေတ္တာအတွက်၊ ရည်ရွယ်ချက်၊
နှစ်ချက် မှတ်ကြပါ။

မေတ္တာပို့သတဲ့ ရည်ရွယ်ချက်က နှစ်ချက်တည်းရယ်။ ပေးပို့လိုက်တဲ့မေတ္တာက ဘေးရန် အန္တရာယ်တွေ မကျမရောက် ကင်းပျောက်စေဖို့နဲ့ လိုအပ်ရာရာ ကောင်းကျိုးသုခ မှန်သမျှတို့ ရစေဖို့၊ ဒီနှစ်ချက်တည်းပါဘဲ။

အဲဒီရည်ရွယ်ချက် နှစ်ရပ်နဲ့ မေတ္တာပို့ကြပြီ ဆိုပါတော့။ အရှေ့အရပ်စသည်ဖြင့်အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ အတိုင်းအတာ ပမာဏမရှိလောက်တဲ့ အနန္တဒေသတွေကို အာရုံပြု ပွားများနိုင်တဲ့ မေတ္တာရှင် ကြီးများဖြစ်နေကြပြီလား၊ မေးပါအုံး၊ တွေးပါအုံး၊ ဖြေပါအုံး။

> တစ်နေ့သုံးခါ၊အိုးတစ်ရာဖြင့်၊
> ချက်ကာထမင်း၊ကျွေးမွေးခြင်းထက်၊
> မယွင်းစင်စစ်၊နို့တစ်ညှစ်စာ၊ကြိမ်သုံးခါမျှ၊
> မေတ္တာပွားများ၊ကျိုးကြီးမားသည်၊
> ဘုရားမြွက်စွာ၊မိန့်ခွန်းတည်း''

အဲဒီလောက်ထိ မေတ္တာမထားနိုင် မပွားနိုင်သေးတာကတော့ လောလောဆယ် သေချာပါတယ်နော်။ အဲဒါဆိုတော့ မေတ္တာထားနိုင်လောက်တဲ့ သူကို ရှာကြည့်တော့ တွေ့ပါပြီ သူပါပဲ။ သူဆိုတာ တစ်ခြားသူ မဟုတ်ပါဘူး။ မိမိရဲ့ စိတ်နဲ့ကိုယ်လေ။ လောကကြီးမှာ အချစ်ဆုံးကို ရှာကြည့် ဘယ်သူလဲ။ မိမိနဲ့တူတဲ့ ချစ်ခြင်းမေတ္တာထားနိုင်လောက်တဲ့သူ မရှိဘူးလို့ ဆိုကြတယ် မဟုတ်လား။ "ကမ္ဘာမီးလောင် သားတောင်ချနင်း" ဆိုတာတွေကလည်း အကုန်လုံး မဟုတ်သည့်တိုင် တစ်စိတ်တစ်ပိုင်းတော့ ရှိနေကြတာပဲ မဟုတ်လား။ ကိုယ့်ထက်ပိုပြီး ချစ်ရမယ့်သူ မရှိတာကတော့ သေချာပါတယ်နော်။

အဲဒါဆိုတော့ ဘယ်သူ့ကို မေတ္တာအရှိဆုံးလဲ။ ကိုယ့်ကိုယ်ကို မေတ္တာအရှိဆုံးပေါ့။ တစ်ချို့ပြောတာတွေ

ကြားဘူးပါတယ်။ မိဘတွေကို အချစ်ဆုံး၊ ကိုယ့်ဇနီး ခင်ပွန်းကို အချစ်ဆုံးတဲ့။ ဟုတ် မဟုတ် မိမိကိုယ်ကို မိမိ သေချာမေးကြည့်ရင် အဖြေထွက်လာပါလိမ့်မယ်။ အဲဒီလို မိမိကိုယ်ကို ပထမဦးစွာ တွေ့တယ်၊ ဒုတိယ ဘယ်သူလဲ၊ တတိယ ဘယ်သူလဲ၊ အချစ်ဆုံး၊ များများချစ်တဲ့သူ၊ နဲနဲချစ်တဲ့သူ၊ မချစ်တဲ့သူ၊ မချစ်တဲ့အပြင် မုန်းနေတဲ့သူ၊ မုန်းရုံတင်မက ဖြစ်နေတဲ့သူတွေ မိမိ ပတ်ဝန်းကျင်မှာ အများကြီးမဟုတ်လား၊ မေတ္တာပို့သ မေတ္တာထား မေတ္တာပွားပြီဆိုရင်တော့ အကုန်လုံး ဒီပုဂ္ဂိုလ်တွေကို ပို့သရမယ်၊ ပွားရမယ်။ ဒီတော့ မေတ္တာပို့ရမည့်သူ၊ ပို့ရမည့် အစဉ်လေးတွေကို သိထားသင့်တာပေါ့။

## အစဉ်မှတ်ဖို့ ပွားများစို့

မေတ္တာပို့ဖို့ မေတ္တာပွားများဖို့ ဒီအစီအစဉ်လေးကို မှတ်ထားရမယ်။

၁။ မိမိကိုယ်အား၊ သက်သေထား၊ ပွားများ ရှေးဦးစွာ။

၂။ ကြည်ညိုလေးမြတ်၊ ချစ်ခင်အပ်၊ ပွားလတ် ဒုတိယာ။

၃။ မုန်းချစ်မဟူ၊ လယ်လျစ်လျူ၊ ပွားမူ တတိယာ။

၄။ ရန်သူကိုကား နောက်ဆုံးထား၊ ရှုပွား ရမည်သာ။

ဒီကဗျာလေးက မေတ္တာပို့ အစီအစဉ်လေးပါ။ မိမိကိုယ်ကို အရင်ဦးဆုံး မေတ္တာပို့၊ ပြီးရင် မိဘ၊ ဆရာ၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်းစတဲ့ ခင်မင်ရင်းနှီးသူ မှန်သမျှ ပို့ပေါ့။ ပြီးရင် သိဘူးကျွမ်းဘူးတဲ့သူ၊ မသိမကျွမ်းသေးတဲ့သူတွေကို မေတ္တာပို့ပေါ့။ ပြီးရင် ကိုယ်နဲ့မတည့်တဲ့သူ၊ကြည့်မရတဲ့သူတွေကို မေတ္တာပို့ပေါ့။

ဒီနေရာမှာ စဉ်းစားစရာက မတည့်တဲ့သူဆိုမှ ဘယ်လိုလုပ် မေတ္တာပို့နိုင်ပါ့မလဲ ဆိုတာပါဘဲ။ ဒါပေမဲ့ ရှေ့က အစဉ်တွေမှာ မေတ္တာအရင်းခံထားတော့ အဆင်ပြေပြေ ပို့နိုင်ပါလိမ့်မယ်။ လုပ်သာကြည့်ပါ။ နောက်ဆုံး ရန်သူဆိုတာက ကိုယ့်အကျိုးစီးပွားကို ဖျက်ဆီးလုပ်တဲ့သူ မိမိကိုယ်ကို မကောင်းကြံတဲ့သူ၊ ပြောတဲ့သူ၊ အဲဒီသူတွေကို ပို့ပေး။ မဖြစ်နိုင်ဘူးဆိုတာတော့ မရှိပါဘူး၊ ပို့သာ ပို့ကြည့်ပါ၊ မေတ္တာပို့ရင်း၊ ပွားများရင်းနဲ့ အဆင်ပြေသွားပါလိမ့်မယ်။

## ရှေးဦးအစ မေတ္တာမပွားရ

ဒီလိုဆိုပြန်တော့ မေတ္တာအရင် မပို့သင့်တဲ့သူ၊ မပွားသင့်တဲ့သူ၊ ဘယ်တော့မှ မေတ္တာမပို့ရမယ့်သူတွေကိုလည်း မှတ်ထားသင့်တယ်လေ။ တော်ကြာ မေတ္တာပို့ မေတ္တာပွားပါတယ်ဆိုမှ ဒေါသဖြစ်နေရင် မကောင်းဘူးလေ။ ပြီးတော့ ကိုယ်ပို့တဲ့ မေတ္တာက ရောက်မှန်း ရမှန်း မသိ၊ မရောက်ရင်လဲ မကောင်းပြန်ဘူးလေ။

၁။ မုန်းသူ စင်စစ်၊ အလွန်ချစ်၊ မချစ်မမုန်းသူ။

၂။ ရန်သူထည့်ကာ၊ လေးယောက်မှာ စ,စွာ မပွားဟူ။

၃။ လိမ်မတူကား၊ သီးပိုင်းခြား၊ မပွားရသည့်သူ။

၄။ သေသူမှန်က၊ ဘယ်တော့မှ၊ ပွားရ မဖြစ်သူ။ အဓိပ္ပါယ်တွေကို ရှင်းပါတယ်နော်။

## မေတ္တာပွားကျိုး ဆယ့်တစ်မျိုး

မေတ္တာအကျိုး ဆယ့်တစ်မျိုးလို့ တိုက်ရိုက်လာတယ်။ သွယ်ဝိုက်အကျိုးပေးတာတွေကလည်း အများကြီး ရှိဦးမှာပါ။ မှတ်ကြည့်ပါဦး။

* အိပ်လည်း ချမ်းသာ၊ နိုးချမ်းသာ၊ ကောင်းစွာ အိပ်စက်သည်။
* လူရော နတ်ပါ၊ ချစ်ခင်တာ၊ စောင့်ရာ နတ်တို့သည်။
* လက်နက်, ဆိပ်မီး၊ မဖျက်ဆီး၊ အပြီး စိတ်တည်ကြည်။
* မျက်နှာကြည်ပေ၊ မတွေဝေ၊ အသေကောင်း လှသည်။

* ဗြဟ္မာဘုံလား၊ ဆယ့်တစ်ပါး၊ ကျိုးများ မေတ္တာရည်။

## မေတ္တာတွေ ပေးကြမယ်

မေတ္တာဆိုတာကတော့ အမှန်တကယ်တော့ ကမ္မဋ္ဌာန်း (၄၀) ထဲမှာ ပါတယ်။ အရမ်းကို လေးနက်ပြီး အဓိပ္ပါယ်ရှိပါတယ်။ မေတ္တာက ဘယ်လောက်ပေးပေး ကုန်သွားတယ်လို့ မရှိပါဘူး။ မေတ္တာတွေ ပေးလေ၊ ပိုပြီးတော့ များလာလေပါပဲ။

မိဘနဲ့ သားသမီး၊ ဆရာနဲ့တပည့်၊ ဇနီးနဲ့ ခင်ပွန်း၊ ဘုန်းကြီးနဲ့ ဒကာ၊ အလုပ်ရှင်နဲ့ အလုပ်သမား၊ တစ်ဦးနဲ့ တစ်ဦး ငြိမ်းချမ်းကြည်လင်စွာ လက်တွဲဖို့ အိမ်နီးချင်းတွေ အဆင်ပြေကြစေဖို့ မတူတဲ့လူမျိုး မခွဲခြားဖို့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အဆင်ပြေပြေ ပေါင်းသင်းဆက်ဆံနိုင်ဖို့ ကမ္ဘာကြီး ငြိမ်းချမ်းစေဖို့ မေတ္တာတွေ ပေးကြမယ်လေ။

မေတ္တာတွေ များများ ပေးဝေနိုင်ကြပါစေ။

မောင်ပညာ (မန်းတက္ကသိုလ်)

"ဒေါသဖြစ်ပွား၊ ငရဲလားအံ့"

## အကောင်းမြင်ဝါဒ ကျင့်သုံးကြ

လောကီလူ့ရွာ။ များသတ္တာတို့၊
သဒ္ဓါ,ပညာ၊ မညီညာသော်၊
ထင်ရာမြင်ကြား၊ အာရုံများဝယ်၊
ပိုင်းခြားဝေဘန်၊ ကင်းမဲ့ပြန်လျက်၊
စိတ်လက်မတွေ့၊ ဒေါသမွေ့ဖြင့်၊
တင်လေ့အပြစ်၊ ဖြစ်တုံလစ်၏။

အပြစ်တင်မှု၊ အကြောင်းစုကြောင့်၊
ညစ်မှုဒေါသ၊ ဖြစ်ပွားရ၏။

ဖြစ်ပွားဒေါသ၊ ပဓာနကား၊
မဆွစိတ်တွင်၊ ထင်မြင်သည်က၊ အဦးစ၏။

စ၍ဖြစ်ရာ၊ ထင်လာအာရုံ၊ အလုံးစုံ၌၊
ကောင်းတုံကောင်းမှု၊ ကောင်းအစုသာ၊
တွေးတောပါလျှင်၊ ဒေါသာညစ်ကြေး၊
ရှောင်လေပြေးမည်၊
ကောင်းတွေး ကိုယ်၌ တည်စေမင်း။

အရှင်ကေလာသ (မစိုးရိမ်)

# မိတ်ကောင်းရှိက ကောင်းကျိုးရ

ခင်သက်တင် (ပညာရေး)

ကျမတို့သည် လောကအလယ်တွင် တစ်ဦးကောင်း တစ်ယောက်ကောင်းအနေဖြင့် မိတ်ဆွေသင်္ဂဟ မရှိပါဘဲနေခြင်းငှါ မဖြစ်နိုင်ပေ။ တိုင်ပင်ဖော် တိုင်ပင်ဘက် မိတ်ဆွေဟူ၍ ရှိကြရပါသည်။ မိတ်ဆွေတွင်လည်း မိတ်ဆွေအတုနှင့် မိတ်ဆွေအစစ်ဟူ၍ ရှိနိုင်ရာ မိတ်ဆွေတုထက် မိတ်ဆွေစစ်ကို ပေါင်းဖော်ရန်လည်း လိုပါသည်။ မိတ်ဆွေစစ် မိတ်ဆွေကောင်းကြောင့် ကောင်းကျိုးချမ်းသာ များစွာ ရရှိပါသည်။ မည်၍မည်မျှရသည်ကိုကား မတွေးမိကြပေ။ ကျမနည်းတူဖြစ်ကြမည်ကို စဉ်းစားမိ၍ ဤဆောင်းပါးကို ရေးဖြစ်ပါသည်။

မိတ်ဆွေကောင်းတို့မည်သည် မိမိမိတ်ဆွေအား လောကီရေးရာအဖြာဖြာတွင် ကြီးပွားတိုးတက်ရေးကိုသာ အကြံဉာဏ်ပေး တိုက်တွန်းလေ့ရှိပါသည်။ မကောင်းသော အလုပ်ကို ရှောင်စေလျက် ကောင်းသော အလုပ်တို့ကိုသာ လုပ်ဆောင်စေပါသည်။ လောကုတ္တရာရေးရာတွင်လည်း မိမိသဒ္ဓါတရားနှင့် ပြည့်စုံစေသလို မိတ်ဆွေအားလည်း သဒ္ဓါတရားနှင့် ပြည့်စုံစေရန် တိုက်တွန်းလေ့ရှိပါသည်။ သဒ္ဓါတရား၏ ဂုဏ်ကျေးဇူးများကိုလည်း အခွင့်သာတိုင်း ပြောဆိုလေ့ရှိပါသည်။ သဒ္ဓါတရားတည်းဟူသော သူတော်ကောင်းတရားနှင့် ပြည့်စုံခြင်း၌လည်း နှစ်သက်ဝမ်းမြောက်လေ့ရှိပါသည်။ ထိုအလေ့တို့ကြောင့် "မိတ်ကောင်းကြောင့် ဂုဏ်တက်၊ မိတ်ဆိုးကြောင့် ဂုဏ်ပျက်"ဟူသော ဆိုရိုးစကား ရှိခဲ့ပါသည်။

မကောင်းသော မိတ်ဆွေကြောင့် ဒုက္ခလှလှ ရောက်ခဲ့ရသော ရှေးသာဓကများလည်း အထင်အရှား ရှိခဲ့ပါသည်။ အဇာတသတ်မင်းသားသည် ရှင်ဒေဝဒတ်နှင့် ပေါင်းဖော်မိခြင်းကြောင့် ငရဲကျရသောဇာတ်တော်ကို ကျမတို့အားလုံး ကြားနာဘူးကြပါသည်။ ကောင်းသော မိတ်ဆွေကြောင့် ချမ်းသာသုခရသော အကြောင်း သာဓကများလည်း အများအပြားပင် ရှိပါသည်။ ကျမ်းပြုအကျော် တောင်မြို့ဆရာတော်ကြီး ဟောကြားတော်မူသော "မိတ်ဆွေကြောင့် ကုသိုလ်၊ အကုသိုလ်များ ရရှိနိုင်သော အကြောင်း" တရားတော်ကို ကြားနာရဖူးပါသည်။ "မကောင်းသော မိတ်ဆွေနှင့် ပေါင်းမိလျှင် ဒုက္ခရောက်ရှိမည်။ သူတော်ကောင်း မိတ်ဆွေနှင့် ပေါင်းမိလျှင် အကျိုးများမည်၊ မိတ်ဆွေကြောင့် ကောင်းမှု မကောင်းမှုတို့ကို ဖြစ်စေနိုင်ကြောင်း" ပဋ္ဌာန်းတရားတော်တွင် ရှင်းလင်းစွာ ဟောကြားထားပါသည်။

ကျမတို့ကိုးကွယ်ရာ ရှင်တော်ဗုဒ္ဓရဲ့ ဖွားဖက်တော် ခုနစ်ပါးတွင် ပါဝင်သော အရှင်အာနန္ဒာမထေရ်က "မိတ်ဆွေကောင်းတို့ကြောင့် ကောင်းကျိုးတရားများ တစ်ဝက် ပြီးစီးသည်"ဟု ကိုယ့်အတွေးလေးဖြင့် မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက "အာနန္ဒာ၊ မိတ်ဆွေကောင်းကြောင့် အကျိုးတစ်ဝက်သာ ပြီးစီးသည်မဟုတ်၊ အကျိုးအလုံးစုံပင် ပြီးစီးသည်"ဟု ပြန်လည် မိန့်ကြားခဲ့သည်။ ပကတူပနိဿယပစ္စည်း ရှင်းလင်းခန်းတွင် တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ကြီးကလည်း ဤသို့ ဟောကြားထားသည်ကို နာကြားရပါသည်။ "မိတ်ဆွေကောင်းတို့ကြောင့် အကျိုးတစ်ဝက်မက အလုံးစုံရရှိနိုင်ကြောင်းကို ဥပမာအားဖြင့်- ရှင်တော်မြတ်စွာဘုရားအား ပေါင်းဖော်ရသောကြောင့် သတ္တဝါအပေါင်း တစ်သံသရာလုံး အိုရ နာရ သေရသော ဒုက္ခအပေါင်းမှ လွတ်မြောက်ကြရ၍ မင်္ဂဖိုလ်နိဗ္ဗာန်တိုင်အောင် ရောက်ရှိကြရလေသည်"။ ဤတရားတော်ကို ကြားနာရသည့်အခိုက်တွင် ကျမသည် ရှင်တော်ဘုရားသာသနာတော်နှင့် ရင်းနှီးခွင့်ရစေခဲ့သော အမိအဘ၊

အဆွေအမျိုး၊ သူငယ်ချင်းအစရှိသော မိတ်ဆွေကောင်းတို့၏ဂုဏ်များကို ကြည်နူးစွာ တွေးတောမိရင်း မိတ်ဆွေများအပေါ် ကျေးဇူးတင်ရှိမိပါသည်။

မိတ်ကောင်းကြောင့် ဂုဏ်တက်သည်ကို သိရှိပြီးနောက် မည်ကဲ့သို့သောပုဂ္ဂိုလ်မျိုးကို မိတ်ကောင်းဟု လက်ခံမှတ်ရမည်ကို နားလည်ရန်လည်း လိုပါသည်။ သူတော်ကောင်းပုဂ္ဂိုလ်ဟု သိနိုင်လျှင် မိတ်ဆွေကောင်းအဖြစ် လက်ခံနိုင်ပေသည်။ သူတော်ကောင်းဟု သိနိုင်သော လက္ခဏာ လေးပါးရှိပါသည်။

၁။ သူတစ်ပါး၏အပြစ်ကို မည်သူကမျှ မမေးလျှင် မပြောဘဲနေခြင်း။ မေးလျှင်လည်း အနည်းငယ်သာ ပြောကြားခြင်း။

၂။ မိမိ၏အပြစ်ကို မည်သူကမျှ မမေးသော်လည်း ပြောသင့်က ပြောကြားခြင်း။ မေးလျှင်လည်း ပြည့်ပြည့်စုံစုံ ပြောကြားခြင်း။

၃။ သူတစ်ပါး၏ဂုဏ်ကျေးဇူးကို မည်သူကမျှ မမေးသော်လည်း ပြောပြတတ်ခြင်း။ မေးလျှင်ကား ပြည့်ပြည့် စုံစုံ ပြောပြခြင်း။

၄။ မိမိ၏ဂုဏ်ကျေးဇူးကိုမူ မည်သူကမျှ မမေးလျှင် မပြောဘဲလျှို့ဝှက်သိုသိပ်ထားခြင်း။ မေးလျှင်လည်း အနည်းငယ်သာ ပြောကြားခြင်း-တို့ဖြစ်သည်။

ထိုအကြောင်းအင်္ဂါတို့ကို စီစစ်၍ သူတော်ကောင်းဟု သိနိုင်ပါသည်။

ထို့အပြင် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း တစ်စုံတစ်ခုသော မကောင်းမှုကို ကိုယ်ခန္ဓာ အသက်ဟူသောအကြောင်းကြောင့်သော်လည်းကောင်း၊ မဟုတ် မမှန် ဖောက်ပြန်ချွတ်ယွင်းသော စကားကို မဆိုသောသူကို သီလရှိသူ၊ သူတော်ကောင်းဟု ဆိုနိုင်ပါသည်။ တစ်ဖန် မိမိအား ပြုဘူးသော သူတစ်ပါးကျေးဇူးကို သိတတ်သူ၊ သိသည့်အတိုင်းလည်း သူ့ကျေးဇူးကို ထင်ရှားအောင် ပြုလေ့ရှိသူကို သူတော်ကောင်းဟု ဆိုနိုင်ပါသည်။ ရိုသေထိုက်သူကို ရိုသေခြင်း၊ ဆင်းရဲနွမ်းပါးသော မိတ်ဆွေအပေါ် ဆောင်ရွက်ထိုက်သမျှ ကိစ္စအဝဝတို့၌ ကိုယ့်အမှုကိစ္စကဲ့သို့ အရိုအသေပြု၍ ဆောင်ရွက်လေ့ရှိသောသူကို သူတော်ကောင်းဟု ဆိုနိုင်ပါသည်။

ထိုနည်းတူ သူယုတ်မာဟုသိနိုင်သော အင်္ဂါအချက်အလက်များသည်လည်း လေးပါးလေးချက်ရှိပါသည်။

၁။ သူတစ်ပါး၏အပြစ်ကို တစ်စုံတစ်ယောက်က မမေးဘဲလျက် ပြောတတ်ခြင်း။ မေးလျှင်ကား သာသာထိုးထိုး ချဲ့ကား၍ ပြောတတ်ခြင်း။

၂။ မိမိ၏အပြစ်ကို တစ်စုံတစ်ယောက်က မမေးလျှင် မပြောဘဲ ဖုံးထားတတ်ခြင်း၊ မေးလျှင်လည်း အနည်းငယ်မျှသာ ပြောကြားခြင်း။

၃။ သူတစ်ပါး၏ဂုဏ်ကျေးဇူးကို မည်သူကမျှ မမေးလျှင် မပြောဘဲထားခြင်း။ မေးလျှင်လည်း အနည်းငယ်မျှသာ ပြောကြားခြင်း။

၄။ မိမိ၏ဂုဏ်ကျေးဇူးကိုမူ မည်သူကမျှ မမေးပါဘဲလျက် ထုတ်ဖော်ပြောပြတတ်ခြင်း။ မေးလျှင်ကား ပိုပိုမိုမို သာသာထိုးထိုး ပြောကြားခြင်း-တို့ ဖြစ်သည်။ ထိုအကြောင်းအင်္ဂါတို့ကို စီစစ်၍ သူယုတ်ဟူ၍ သိနိုင်ပါသည်။

ထိုဆိုခဲ့ပြီးသောအကြောင်းအင်္ဂါတို့မှတစ်ပါး လက္ခဏာဟူ၍လည်း ရှိပါသေးသည်။ ထိုလက္ခဏာများမှာ အသီးအသီး သုံးပါးစီ ရှိပါသည်။

သူတော်ကောင်းလက္ခဏာ သုံးပါးမှာ -
၁။ ကောင်းသောအမှုကို ကြံလေ့ရှိခြင်း။
၂။ ကောင်းသောစကားကို ပြောဆိုလေ့ရှိခြင်း။
၃။ ကောင်းသောအမှုကိုသာ ပြုလေ့ရှိခြင်း-တို့ဖြစ်သည်။

သူယုတ်မာ လက္ခဏာ သုံးပါးမှာ -

၁။ မကောင်းသောအမှုကိုသာ ကြံလေ့ရှိခြင်း။

၂။ မကောင်းသောစကားကိုသာ ဆိုလေ့ရှိခြင်း။

၃။ မကောင်းသောအမှုကိုသာ ပြုလေ့ရှိခြင်း- တို့ ဖြစ်သည်။

ထိုအကြောင်းလက္ခဏာ သုံးပါးစီတို့ဖြင့် သူတော်ကောင်း၊ သူယုတ်မာဟူ၍ ခွဲခြားသိစေနိုင်ပါသည်။

သူယုတ်မာတို့သည် သူတစ်ပါး ကျေးဇူးကို မမြင်တတ်၊ မြင်သမျှကိုလည်း အလေးမပြု။ ဂုံးတိုက်သူရှိကလည်း စိတ်ပြောင်းတတ်သည်။ မိမိထက် ပညာဉာဏ်ကြီးသူ ပညာရှိသူကို ရှာကြံပေါင်းသင်း ဆည်းကပ်လိုသော သဘောဆန္ဒလည်းမရှိ၊ မိတ်ဟောင်းအချို့ နွမ်းပါးသောအခါတွင်လည်း မတွေ့ချင်မမြင်ချင် အသိဟုပင် မပြောချင်သော စိတ်ဓာတ်မျိုးလည်း ရှိတတ်သည်။ ထိုကဲ့သို့သောသူကို မပေါင်းသင်းအပ်ပေ။ ပေါင်းသင်းမိပါက မိမိသာ အကျိုးဆုတ်ယုတ်ပေလိမ့်မည်။

ဆရာတော်တစ်ပါး ဟောကြားတော်မူသော ဆင်းရဲခြင်းကင်းလိုလျှင် တရားတော်တွင် ပသေနဒီ ကောသလမင်းကြီးသည် အဝတ်မဝတ်သူ တက္ကဒွန်းကြီးအား အလိုလောဘနည်းသူ၊ ခေါင်းပါးသော အကျင့်ကျင့်သူ သူတော်ကောင်းဟူ၍ အမှတ်မှား အထင်မှားမှုနှင့် ပတ်သက်၍ မြတ်စွာဘုရားမှ ထိုမင်းကြီးအား ဟောကြားတော်မူသော သူတော်ကောင်းဟု သိနိုင်သော အချက်လေးချက်ကို “ (က) ပေါင်းသင်း (ခ) ရှည်ကြာ (ဂ) ဆင်ခြင်ပါ (ဃ) ပညာဉာဏ်ဖြင့်ကြည့်၊ ပေါင်းအပ် မပေါင်းအပ်၊ ဤနှစ်ရပ် တပ်အပ် သေချာသိ” ဟု လင်္ကာလေးဖြင့် ဖွဲ့ဆိုဟောကြားထားပါသည်။ စိတ်ထား စင်ကြယ်၊ မစင်ကြယ်၊ ကိုယ်ကျင့်တရား ကောင်း မကောင်း၊ ပေါင်းအပ် မပေါင်းအပ်-စသဖြင့် သိနိုင်ရန် ရေရှည်ပေါင်းသင်းဆက်ဆံပြီး ပညာဉာဏ်ဖြင့် ဆင်ခြင် ဆုံးဖြတ်ရပါမည်။ ဆုံးဖြတ်ချက် ချပြီးသည်နှင့် တပြိုင်နက် အချိန်အခါ မလင့်စေဘဲ သူတော်ကောင်း မိတ်ဆွေအား ဆည်းကပ်ရပါမည်။ အတူတကွ ပေါင်းဖော်ရပါမည်။ သူတော်ကောင်း မိတ်ဆွေ၏ အဆုံးအမ တရားစကားကိုလည်း လိုက်နာကျင့်သုံးရပါမည်။ သို့မှသာ ဆင်းရဲခြင်း၊ ယုတ်ညံ့ခြင်းကင်းပြီး မိမိအတွက် တိုးတက်သော အသိပညာ အတတ်ပညာ၊ မြင့်မြတ်သောဘဝကို ပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။

မိတ်ဆွေကောင်းကို ပေါင်းဖော်ရသောကြောင့် လက်ရှိဘဝတိုးတက်ပြီး ကုသိုလ်ကောင်းမှုများကိုလည်း အဆင့်ဆင့် တိုးပွားဆောင်ရွက်ခွင့် ရကြလျက် မကောင်းမှု ဒုစရိုက်များမှ ရှောင်နိုင်ကာ နိဗ္ဗာန်ချမ်းသာတိုင်အောင် ပါရမီကုသိုလ်များ ဖြည့်ဆည်းခွင့် ရကြမည်မှာ ဧကန်ဖြစ်ပါသည်။ သူတော်ကောင်း မိတ်ဆွေကို ပေါင်းသင်းရသော သူသည် လယ်ယာမြေကောင်းတွင် စိုက်ပျိုးသော ကောက်ပဲသီးနှံ အောင်မြင်သကဲ့သို့ ဘဝတွင် ဂုဏ်သတင်း ကျော်ဇောထင်ရှားကာ အောင်မြင်မှု ရရှိပေလိမ့်မည်။ ထို့အတူ ကောက်ပဲသီးနှံ မရင့်သန်မီ မိုးရေပြတ်ခဲ့လျှင် လည်း ပျက်စီးဆုံးရှုံးခြင်းအဖြစ် ရောက်ရသကဲ့သို့ လူတို့ မှာလည်း အသိပညာ မရင့်သန်မီ လောကဓမ္မ လိမ္မာ ကြသူ ပညာရှိတို့ကို ပေါင်းဖော်ခြင်းမရှိဘဲ မိမိတို့အလို အတိုင်း ကျင့်ကြံနေထိုင်ကြလျှင် ဒုက္ခလှလှ ရောက်ကြမည်မှာ မလွဲဧကန် ဖြစ်ပါသည်။

သတ္တဝါအပေါင်းတို့သည် သံသရာအဆက်ဆက်၌ မပြုဘူးသော အကုသိုလ်ကံဟူ၍ မရှိ၊ မပြုဘူးသော ကုသိုလ်ကံသာ ရှိသည်ဟု မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည်။ ထိုကံများကြောင့်လည်း သံသရာ အဆက်ဆက် တပြောင်းပြောင်း တပြန်ပြန် သွားနေကြရာ အလှည့်များစွာတွင် အပါယ်ဘုံ၌သာ နေကြရပါသည်။ ကောင်းကင်မှ ကျလာသောအပ်တစ်စင်းနှင့် မြေပြင်မှ အပ်တစ်စင်းတို့ ထိပ်ချင်း ထိတွေ့ကြရန် ခက်ခဲသည့် ပမာအလား ရခဲလှစွာသော လူ့အဖြစ်ကို ရတုန်း ရခိုက် အကျိုးရှိအောင် နေတတ်ကြရန် လိုပါသည်။ မကောင်းမှုကို တားမြစ်လျက် ကောင်းမှုကို ဆောင်ရွက်

စေရန် တိုက်တွန်းတတ်သော မိတ်ဆွေအဖော်မရှိလျှင် အပါယ်လေးပါးသို့ တစ်ဖန် ကျရောက်ရပေမည်။ အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်လျှင် ရှေးယခင် အကုသိုလ်ကံဟောင်းတို့အတွက် ကမ္ဘာကပ် တစ်ခုလုံး အပါယ်မှ မတက်ရတော့ဘဲ အပါယ်၌ အမြစ်တွယ်၍ နေကြရပါမည်။

ရတနာပစ္စည်းဆိုသည်မှာ သည်ဘဝ သုံးစွဲခွင့်ရခိုက်၌သာ တန်ဖိုးရှိပါသည်။ သံသရာခရီးအတွက်မူ အသုံးမဝင်ပေ။ သံသရာခရီးအတွက် သူတော်ကောင်းမိတ်ဆွေသည်သာ တန်ဖိုးမဖြတ်နိုင်သော ရတနာအစစ်အမှန် ဖြစ်ပါသည်။ သူတော်ကောင်းမိတ်ဆွေနှင့် ပေါင်းဖော်မိ၍ ဘဝအဆက်ဆက်၌ အသိဉာဏ်များပြည့်ဝပြီး သဒ္ဓါတရားတိုးပွားကာ အကုသိုလ်ဒုစရိုက်အမှုများ ရှောင်ကွင်းလျှက် ကောင်းမှုကောင်းရာ ကောင်းကျိုးများ တိုးပွားစေပြီး နိဗ္ဗာန်တိုင်အောင် ရောက်ရှိ ရရှိနိုင်ပါပေသည်။ ထိုအကြောင်းတရားကို ရှေးပညာရှင်ကြီးများက အောက်ပါကဲ့သို့ လင်္ကာများ ဖွဲ့ဆိုပြထားပါသည်။

"သူတော်ပဏ္ဍိ၊ ပေါင်းဖော်မိ၊ အသိဉာဏ် ပြည့်ဝ။
အသိပညာ၊ ရှိသောခါ၊ သဒ္ဓါ ကြည်ဆွဆွ။
ရွှင်ကြည်သဒ္ဓါ၊ ရှိသူမှာ၊ ကင်းကွာ မဆွေရ။
မဆွေရပျောက်၊ စိတ်မနောက်၊ ရောက်လွယ်အမတ"။

ထိုနည်းတူ လူတို့၏ သဘာဝမှာ အတုယူတတ်သော သဘောရှိပါသည်။ ကောင်းသောသူထံမှ ကောင်းသောအကျင့် ယူသကဲ့သို့ မကောင်းသောသူထံမှလည်း မကောင်းသောအကျင့်ကို အတုယူလေ့ရှိပါသည်။ ဤသို့သော လူ့သဘောရှိသည်ကို မန်လည် ဆရာတော်ကြီးက-

"လူတို့သဘော၊ မနောဖြူစင်၊ ကောင်းသောသူနှင့်၊ ပေါင်းဖက်သင့်က၊ ကောင်းကျင့်ကောင်းမူ၊ မကောင်းသူနှင့်၊ အတူပေါင်းမူ၊ မကောင်းတုကို၊ လိုက်ပြုတတ်စွ"ဟု (မဃဒေဝ-၂၃၇)တွင် ဖော်ပြထားပါသည်။

မနိုင်းယှဉ်အပ်သော ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရားသည် မိတ်ဆွေစစ်၊ မိတ်ဆွေအတု အမျိုးမျိုးအစားစားရှိကြောင်းကို ခွဲခြား ဟောကြားထားပါသည်။

(က) ဥပကာရမိတ်ဆွေ = မိမိမိတ်ဆွေကို အချိန်အခါမရွေး စောင့်ရှောက်လေ့ရှိသူ။ မိမိ မိတ်ဆွေ၏ ပစ္စည်းဥစ္စာကိုလည်း အချိန်အခါမရွေး စောင့်ရှောက်သူ။ အားကိုးအားထားရာအဖြစ်လည်း အမြဲရပ်တည်သူ။ ပြုဖွယ်ကိစ္စပေါ်လာလျှင်လည်း ဆတက်ထမ်းပိုး ဆောင်ရွက်ပေးလေ့ရှိသူ။

(ခ) သမာနသုခဒုက္ခမိတ်ဆွေ = မိတ်ဆွေတို့၏ အကြောင်းကိစ္စကြီးငယ်တို့ကို လျှို့ဝှက်သင့်က လျှို့ဝှက်ပေးလေ့ရှိပြီး မိမိတို့၏ လျှို့ဝှက်ကိစ္စကြီးငယ်ကိုလည်း မိတ်ဆွေအား ဖွင့်ဆိုပြောလေ့ရှိသူ။ ဆိုးတူကောင်းဘက် အသက်ကိုပင် ပဓာနမထား လုပ်ဆောင်တတ်သော မိတ်ဆွေ။

(ဂ) အတ္ထက္ခာယီမိတ်ဆွေ = မကောင်းမှုကို တားမြစ်၍ ကောင်းသောအမှုကိစ္စတို့ကိုသာ တိုက်တွန်းလေ့ရှိသူ။ တရားဓမ္မတို့ကိုလည်း အခွင့်သင့်သလို တဆင့်ဟောပြောပေးတတ်သူ။ နိဗ္ဗာန်ရောက်ကြောင်း တရားလမ်းကြောင်း အစစ်အမှန်ကို ညွှန်ပြပေးသူ။

(ဃ) အနုကမ္ပကမိတ်ဆွေ = မိတ်ဆွေတို့၏ တိုးတက်ရာတိုးတက်ကြောင်းကိုသာ လိုလား၍ ပျက်စီးဆုတ်ယုတ်မှုတို့ကို မလိုလားသူ။ မိတ်ဆွေတို့ကို ကဲ့ရဲ့ပြောဆိုလာသူအား တားမြစ်တတ်ပြီး၊ ချီးမွမ်းလာသူကိုမူ ထောက်ခံလေ့ရှိသူ။

အထက်ပါ လေးမျိုးလေးစားတွင်ပါဝင်သော စိတ်သဘောထား ကောင်းသော မိတ်ဆွေတို့အား အမိ၊ အဖကို ကိုးကွယ်သကဲ့သို့ ရိုသေစွာ ချဉ်းကပ်ရမည်ဟု ပညာရှိများက ဆိုပါသည်။

မကောင်းသော မိတ်ဆွေအတုအယောင်နှင့် ပတ်သက်၍လည်း-

(က) အညဒတ္ထုဟရ မိတ်ဆွေတု = အယူသာ ရှိသူ။ နဲနဲပေး၍ များများအလိုရှိသူ။ မလွဲသာသောကိစ္စ မျိုး၌သာ ဆောင်ရွက်ပေးတတ်သူ။ မျှော်လင့်ချက်ဖြင့် သာ ချဉ်းကပ်တတ်သူ။

(ခ) ဝစီပရမမိတ်ဆွေတု = အတိတ်၊ အနာဂတ် အကျိုးအကြောင်းတို့၌သာ ချီးမွမ်းထောပနာပြုတတ်ပြီး လောကွတ်စကားများ ဆိုတတ်သူ။ လက်တွေ့ကူညီရန် လိုအပ်သောအမှုကိစ္စတို့၌ မျက်နှာလွှဲလေ့ရှိသူ။

(ဂ) အနုပ္ပိယဘာဏီမိတ်ဆွေတု = မကောင်းမှု၌ သော်လည်းကောင်း၊ ကောင်းမှု၌သော်လည်းကောင်း ပိတ်ပင်တားမြစ်ခြင်း မပြု။ ရှေ့မှောက်၌ ချီးမွမ်းစကား ဆိုလေ့ရှိပြီး ကွယ်ရာတွင် ကဲ့ရဲ့စကား ဆိုတတ်သူ။

(ဃ) အပါယသဟာယမိတ်ဆွေတု = မူးယစ် သောက်စားခြင်း၊ အချိန်မဲ့သွားလာခြင်း၊ ပွဲလမ်းသဘင် သွားခြင်း၊ လောင်းကစားခြင်း အစရှိသည့် အကျိုးမဲ့ကိစ္စ တို့၌သာ အဖော်ဖြစ်သူ။

ထိုသို့သော မိတ်ဆွေလေးမျိုးတို့ကို ဘေးဥပဒ် အန္တရာယ်ရှိသည့်လမ်းကို လူတို့မသွားသကဲ့သို့ပင် ရှောင် ရှားရမည်ဟု ပညာရှိများက ဆိုထားပါသည်။

ထို့ကြောင့် မိတ်ဆွေကောင်းတို့ကိုသာ ရွေးချယ် ပေါင်းသင်းမည်ဆိုလျှင် ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ ကောင်း ကျိုးချမ်းသာများမှသည် ဘဝသံသရာ အဆက်ဆက် ကောင်းကျိုးများ တိုးပွားပြီး အိုခြင်း၊ နာခြင်း၊ သေခြင်း တို့၏ ကင်းရာကုန်ရာဖြစ်သော နိဗ္ဗာန်ကို ရောက်သည် အထိ အကျိုးတရားများ ပွားကြရမည် ဖြစ်ပါပေသည်။

ခင်သက်တင် (ပညာရေး)

# စာရေးနည်းများ အပိုင်း – ၃

အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)

## သုတနှင့်ရသစာရေးနည်း

မြန်မာစာသီကုံးရာတွင် တင်ပြလိုသော အချက် အလက်၊ အသိအမြင် အရှိကို ထင်ရှားစေရန် သဒ္ဒါနည်း မှန်မှန်၊ စကားလုံး၊ စကားစု ရွေးချယ် စီစဉ်မှု အားသန်သန် အခြေခံထားရေးသားရသည်။ ထိုအခြေခံကောင်းပေါ် တွင် ဖန်တီးစွမ်းအားကောင်းသော စေတနာ ထပ် လောင်းလိုက်လျှင် ခံစားမှု ကူးစက်စေသော အဖွဲ့ကောင်း ကို ရသည်။ ထိုအရေးအဖွဲ့များကို အချို့က သုတစာဟု လည်းကောင်း၊ ရသစာဟုလည်းကောင်း၊ သုတရသ စာဟု လည်းကောင်းတင်ပြကြပါသည်။ အချို့ကလည်း သုတပေးလိုသော ရည်ရွယ်ချက်ဖြင့် ရေးသောစာကို သုတစာဟုလည်းကောင်း၊ စာဖတ်သူ၌ စေတနာ ပေါ်လာအောင် နှိုးဆော်လိုသော ရည်ရွယ်ချက်ဖြင့် ရေးသောစာကို ရသစာဟု လည်းကောင်း ဆိုပါသည်။ သို့သော်လည်း ထိုသို့သတ်သတ်မှတ်မှတ်၊ ပြတ်ပြတ် သားသား သုတစာ၊ ရသစာခွဲခြားရန် မလွယ်ပါဟု ဆိုသူများလည်း ရှိပါသည်။ ထို့ကြောင့် သုတ၊ ရသစာ ဆိုင်ရာ အဆိုအမိန့်များနှင့် စံထိုးလေ့လာရန် လိုပါသည်။

## သုတအနက်ဖွင့်ဆိုချက်

"သုတ" သည် ပါဠိစကားဖြစ်သည်။ ဦးဟုတ်စိန် ၏ ပါဠိ မြန်မာအဘိဓာန်တွင် "အကြား၊ ကြားခြင်း၊ အကြားအမြင်"ဟု မြန်မာပြန်ဆိုသည်။ ပါဠိသက် ဝေါဟာရ အဘိဓာန်တွင်မူ "အကြားအမြင်၊ ဗဟုသုတ၊ ပညာ"ဟု ဖွင့်ဆိုသည်။ ဂျပ်ဆင် (Judson)၏ အဘိဓာန်

တွင် "သတင်း၊ အကြောင်းအချက်" (information) ဟုလည်းကောင်း၊ "အသိပညာ" (Knowledge)ဟု လည်းကောင်း ဖွင့်ဆိုသည်။ ထို့ကြောင့် သုတစာပေ ဆိုသည်မှာ အသိပညာဆိုင်ရာ အကြောင်းအချက်သက်သက်ကို ဖော်ပြသောစာဖြစ်၏။ သိပ္ပံ၊ သမိုင်း၊ စစ်တမ်း၊ မှတ်တမ်း၊ ပေးစာ၊ ဆေးစာ၊ ဥပဒေစာ၊ ရုံးစာ-စသည်တို့မှာ "အသိပေးစာ" သို့မဟုတ် သုတစာပေတွင် ပါဝင်၏ဟု ဖွင့်ဆိုကြောင်း တွေ့ရပါသည်။

## ရသအနက်ဖွင့်ဆိုချက်

"ရသ" ဆိုသည်မှာ "အရည်၊ အရသာ၊ ကိစ္စ၊ အကျင့်၊ သာယာခြင်း"သဘောဟု ဦးဟုတ်စိန်၏ ပါဠိမြန်မာအဘိဓာန်က ဖွင့်ပြသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ကဗျာသာရတ္ထ သင်္ဂြိုဟ်ကျမ်းတွင် "အလင်္ကာနည်းလမ်းအမျိုးမျိုးတို့နှင့် ညီညွတ်အောင် ဖွဲ့နွဲ့သီကုံး သည့် ပို့၊ လင်္ကာ၊ ကဗျာ၊ ဇာတ်စာအုပ်တို့၏ သဘောအနက်ကို ဆင်ခြင်အောက်မေ့သောအခါ၌ နှစ်သက်အပ်သော သဘောမျိုးကို "ရသ" ဟူ၍ ခေါ်ကြောင်း ဖော်ပြထားပါသည်။

မြန်မာ့စွယ်စုံကျမ်းတွင် "ပို့၊ လင်္ကာ၊ ကဗျာနှင့် ဇာတ်တို့ကို လင်္ကာဖွဲ့နည်းများနှင့် ညီညွတ်အောင် ဖွဲ့နွဲ့သီကုံးထားလျှင် ထိုပို့၊လင်္ကာ၊ ကဗျာနှင့်ဇာတ်တို့၏ သဘောအနက်ကို ဆင်ခြင်အောက်မေ့သောအခါ၌ နှစ်သက်အပ်သော သဘောမျိုး ဖြစ်လာတတ်လေသည်။ ထိုသဘောမျိုး ဖြစ်ပေါ်လာခြင်းကို "ရသ"ဟူ၍ ခေါ်သည်" ဟု ရေးထားသည်။ ထို့ကြောင့် ကဗျာ၊ လင်္ကာ၊ ဝတ္ထု၊ ပြဇာတ်တို့သည် ရသစာပေ ဝင်၏ဟု တင်ပြပါသည်။

ဦးဖိုးလှိုင်၏ အလင်္ကာနိဿျတွင် "ပွဲကြည့်သောသူတို့၏လည်းကောင်း၊ သီချင်း၊ ရတု၊ ကဗျာ အစရှိကုန်သော အဖွဲ့၏အနက်ကို အောက်မေ့ဆင်ခြင်ကုန်သော သူတို့၏လည်းကောင်း၊ အကြင်နှစ်သက်အပ်သောသဘောကို ပျား၊ ထောပတ် အစရှိသော အရသာတို့ကို စားရာ သာယာဘိသကဲ့သို့ သာယာ၏။ ထို့ကြောင့် ဤသာယာအပ်သော သဘောကို ထိုရသကို သိသော ပညာရှိတို့သည် "ရသ" မည်၏ဟု ဆိုအပ်၏" ဟု ရေးသားထားပါသည်။

ကိုးခန်းပျိုကာတွင် "ရသသဒ္ဒါသည်ကား အရည်အချင်း၊ အကျင့်၊ လှံ့လ၊ အသား၊ အသွေးစသော ရသဓာတ် ပရမတ္ထတရားတို့၏ တွေ့ထိခြင်း ဖုဋ္ဌသန စသောကိစ္စ၊ သံဃဋ္ဌန စသည်တို့နှင့် ပြည့်စုံခြင်း ဟူသော အနက်တို့ကို ဟောရာတွင် ဤအရာ၌ အလင်္ကာ ကျမ်းလာရသအနက်ကို ဟောသည်။ ဤအနက်ကို ပီတိ၊ အဿာဒဟူသောနှစ်ပုဒ်တို့ဖြင့် ပြသည်။ ပီတိ၊ အနန္ဒ၊ ရသ၊ ပဿဒ္ဓိ၊ အဿာဒဟူသော စကားတို့သည် သာယာအပ်သော ရသအနက်ဟော ပရိယာယ် သဒ္ဒါတို့ချည်းတည်း။ ပွဲကြည့်သောသူတို့၏လည်းကောင်း၊ နှစ်သက် အပ်သောသဘော၊ ပျား၊ ထောပတ် အရသာတို့ကို စားရာ သာယာသကဲ့သို့ သာယာအပ်သောကြောင့် ရသခေါ်သည်" ဟုဖော်ပြ ထားပါသည်။

ဂျာနယ်ကျော်မမလေးက "ရသစာပေဟာ လောကမှာရှိတဲ့ အကောင်းအဆိုးကို နှစ်သက်စရာမှ ပီတိပွားပြီး စွဲကျန်ရစ်သည်အထိ ဖွဲ့နွဲ့သော စာမျိုးဖြစ်သည်" ဟု ဆိုသည်။ အနောက်တိုင်းပညာရှင်တို့၏ အယူအဆတွင်လည်း စိတ်ကူးကောင်းသော ရေးခြင်း၊ (imagenative writing) သို့မဟုတ် ဖန်တီးပြုပြင်နိုင်စွမ်းသော စာပေအရေးအဖွဲ့ (Creative Literature) ဖြစ်လေ ရသပီလေလေ ဟုပင်ဖြစ်ပါသည်။

အရေးအဖွဲ့လိုအပ်ပုံကို အလင်္ကာပန်းကုံးဆရာက ရသ(၉)ပါး နှင့် ဆက်စပ်ပြီး အောက်ပါအတိုင်း ဖော်ပြထားသည်။ ဥပမာအားဖြင့် သိင်္ဂါရ ရသတွင် ကျားနှင့်မတို့ ချစ်ကြပုံကို ဖွဲ့ဆိုပါက အဦးအစ ချစ်စိတ် မွေးဖွား ဖြစ်ပေါ်လာခြင်းသည် "ဘာဝ"မည်၏။ ထိုချစ်ခြင်းကို ထင်ရှားစေရာတွင် ထိုကျားနှင့်မ ဇာတ်ဆောင်တို့၏ စရိုက်သည် အဓိက အကြောင်းဖြစ်၏။ အဝတ်အစား၊ အပြင်အဆင်၊ နေရာဌာန၊ ရာသီဥတု၊

သိမှု တီးမှု စသော ပတ်ဝန်းကျင်အခြေအနေအရပ်ရပ် တို့သည် အခြံအရံ အထောက်အပံ့ အကြောင်းများ ဖြစ်၏။ ဖော်ပြပါ အဓိကနှင့် အခြံအရံအထောက်အပံ့ အကြောင်းများသည် ချစ်ခြင်းဖြစ်မှု(ဘာဝ)ကို ထင်ရှား စေခြင်းကြောင့် ထင်ရှားမှု (ဝိဘာဝ) မည်၏။

တစ်ဖန် ချစ်စိတ်ဖြစ်ခြင်း(ဘာဝ)ကြောင့် အမူ အရာ၊ အပြောအဆို၊ သို့မဟုတ် ခံစားခြင်း၊ သုံးဆောင် ခြင်းတို့သည် ပြုလုပ်မှု (အနုဘာဝ) မည်၏။ ထိုသို့ဖြစ်ခြင်း၊ ထင်ရှားစေခြင်း၊ ပြုလုပ်ခြင်း သုံးဖြာဖြင့် အပြစ်ကင်းပြီး ဂုဏ်မြောက်အောင် ရေးဖွဲ့ခြင်းသည် နှစ်သက်ဖွယ်၊ သာယာဖွယ်ဖြစ်၏။ ထို့ကြောင့် ရသအထူးထူးကို ရရှိပေါ်လွင်စေ၏ဟုပင် ဖြစ်ပါသည်။

## အလင်္ကာကျမ်းလာ ရသ(၉)ပါး

(၁) သိင်္ဂါရရသ = နှစ်သက်ခြင်း = ပီတိ

(၂) ဟဿရသ = ရယ်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း = သောမနဿဝေဒနာ

(၃) ကရုဏာရသ = စိုးရိမ်ပူဆွေးခြင်း = ဒေါမနဿ ဝေဒနာ

(၄) ရုဒ္ဒရသ =ကြမ်းကြုတ်ခက်ထန်ခြင်း =ကြမ်းကြုတ် ခြင်းဖြင့် စပ်သော ဒေါသ

(၅) ဝီရရသ = ရဲရင့်အားထုတ်ခြင်း =အားတက် သရောရှိခြင်း ဝီရိယ

(၆) ဘယာနကရသ = ကြောက်ရွံ့ခြင်း = ဆုတ်နစ် သော ဒေါသ

(၇) ဝိဘစ္ဆရသ = စက်ဆုတ်ခြင်း= စက်ဆုတ်ခြင်း ဖြင့်ဖြစ်သော ဩတ္တပ္ပ

(၈) အဗ္ဘုတရသ = အံ့သြခြင်း၊ မဖြစ်စဖူးဖြစ်ခြင်း =အံ့သြခြင်းဖြင့်ဖြစ်သောဆန္ဒ

(၉) သန္တရသ = ငြိမ်းအေးခြင်း = ငြိမ်းအေးခြင်းဖြင့် ဖြစ်သော ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ

ဖော်ပြပါရသ(၉)ပါးတွင် ချစ်ခင်နှစ်သက်ခြင်း တည်းဟူသော သိင်္ဂါရရသနှင့် ရယ်ရွှင်ဝမ်းမြောက်ခြင်း တည်းဟူသော ဟဿရသတို့သည် သာယာဖွယ်၊ နှစ်သက်ဖွယ် ဖြစ်၏။ ချမ်းသာမှု သုခဝေဒနာကို တိုက်ရိုက်ခံစားရ၏။ စိုးရိမ်ပူဆွေးခြင်း ကရုဏာရသ၊ ကြမ်းကြုတ်ခြင်း ရုဒ္ဒရသ၊ ရဲရင့်အားထုတ်ခြင်း ဝီရရသ၊ ကြောက်ရွံ့ခြင်း ဘယာနကရသ၊ စက်ဆုပ်ခြင်း ဝိဘစ္ဆ ရသတို့ဖြစ်သောသူတို့မှာ ဆင်းရဲမှု ဒုက္ခဝေဒနာကို တိုက်ရိုက်ခံစားရ၏။ သို့သော်လည်းထိုဒုက္ခဝေဒနာကို သီကုံးခြင်း၊ ဇာတ်ဝတ္ထုရေးဖွဲ့ဖန်တီးထားခြင်းတို့ကို ကြည့်ရှုနာခံသူသည် ခံစားလိုစိတ်နှင့်အတူ သာယာဖွယ်၊ နှစ်သက်ဖွယ်အဖြစ်သို့ရောက်၏။ ထို့ကြောင့် ရသပင် ဖြစ်၏ဟု ဖွင့်ဆိုပါသည်။

ရေးဖွဲ့ခြင်း၊ ဖန်တီးခြင်း ကောင်း မကောင်းမှာ စိတ်ကူးပေါ်တွင် မူတည်သည်။ ထိုစိတ်ကူးတွင် စိတ်ကူး မှန်နှင့် စိတ်ကူးယဉ်တို့လည်း ပါဝင်သည်။ ဖြစ်နိုင် ခြေကို အခြေခံထားသောအသိဖြင့် ကြည့်ရှုဆင်ခြင် ခြင်းတည်း ဟူသော စိတ်ကူးမှန်နှင့် ဖြစ်နိုင်ခြေထက် ခံစားမှုကို ပဓာနထားသော စိတ်ကူးယဉ်ခြင်းတို့ပင် ဖြစ်သည်။ စိတ်ကူး မှန်ဖြင့် ပုံဖော်ဖန်တီး ဖွဲ့နွဲ့ခြင်းသည် စာရှုသူတို့၏ ကောင်းဆိုး နှစ်တန် ဘဝမှန်အရှိနှင့် နီးကပ် ထိစပ်သဖြင့် စိတ်ကူးယဉ်ထက် ခံစားမှု လွယ်ကူစေသည်။ ကျရောက် ပျံ့နှံ့မှု အားကောင်းခိုင်မာ စေသည်။ ရသပို၍ ပေါ်လွင် စေပါသည်။

အလင်္ကာကျမ်းလာ (ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ) ရေးနည်းအ ဆင့်ဆင့်ဖြင့်ရေးထားသော စိတ်ကူးမှန် ဝတ္ထုဇာတ်လမ်းကို ဖတ်ခြင်း၊ နာယူခြင်း၊ ကပြမှုကိုကြည့်ရှု ခြင်းတို့သည် ပုထုဇဉ်အများစုတွင် တဏှာ လောဘအား အလျောက် ချစ်ခြင်းတည်းဟူသော သင်္ဂါရရသခံစားမှုရ ကြောင်း ဖော်ပြထားခြင်းဖြစ်သည်။ ထိုဇာတ်လမ်းမှာ အမှန်တကယ် ရှိသော ကျားနှင့်မအကြောင်း ပင်ကိုယ် အရှိကို ပကတိအတိုင်းဖော်ပြသော ဆောင်းပါး၊ အတ္ထုပ္ပတ္တိစသော စာများဖြစ်သော်လည်း ထိုစာကို ဖတ်ရှုရ သူတို့တွင် သင်္ဂါရရသကိုခံစားရမည်ပင် ဖြစ်ပါ သည်။

ထိုနည်းတူ ကြေးစည်၊ ခေါင်းလောင်းသံ စည်စည်ညံလျက် ဘုရားစေတီ တည်မှုအရှိကို ဗုဒ္ဓဘာသာဝင်တို့ ကိုယ်တိုင်ဖူးတွေ့ခံစားရလျှင် ငြိမ်းအေးမှုသန္တရသဖြစ်သကဲ့သို့ ထိုဘုရားစေတီတည်မှု အကြောင်းကို ဖော်ပြသောစာ ဖတ်ရသောအခါတွင်လည်း သန္တရသ ခံစားရမည်ပင် ဖြစ်သည်။ တစ်ဖန် အရှိမဟုတ်သော်လည်း ဖန်တီးဖော်ပြထားသော ဘုရားစေတီ တည်မှုအကြောင်းကို ဖတ်ရသောအခါတွင်လည်း သန္တရသ ခံစားရသည်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ကြောက်မက်ဖွယ်၊ စက်ဆုပ်ဖွယ် အနိဋ္ဌာရုံခံစားမှုတို့၏ အတုပြု သို့မဟုတ်ဖန်တီး ဖော်ပြခြင်းကို ခံစားစေလိုသောရသ သဘောဖြစ်နိုင်ကြောင်း တရားသေစွဲကိုင်၍ ဖန်တီးမှုအတုပြု ပါမှ ရသ ရ၏ဟု ဆိုရန်မလွယ်ပါ။ ထိုနည်းတူ အဖွဲ့အနွဲ့နှင့်အသံများကို စနစ်တကျထားလေ့ရှိသော ကဗျာလင်္ကာပါ အကြောင်းအရာတိုင်းလည်း ရသကိုပေးသော သုတမဟုတ်သည့်စာဟု ပြောရန်မဖြစ်နိုင်ပါ။

ဆောင်းပါး၊ သိပ္ပံ၊ သမိုင်း၊ စာတမ်း၊ မှတ်တမ်း၊ ပေးစာ စသည်တို့သည် သုတစာပေဖြစ်ရမည်၊ ကဗျာ၊ လင်္ကာ၊ ဝတ္ထု၊ ပြဇာတ် တို့သည် ရသစာပေဖြစ်ရမည် ဟုပုံသေကားကျ ခံယူ၍ရပါမည်လောဟု စောဒကတက်သူများ ပေါ်ပေါက်လာသည်။ အချို့သော ဆောင်းပါး၊ သိပ္ပံ၊ မှတ်တမ်း၊ သမိုင်း၊ ဇာတ်လမ်းများ၏ ရသပင်ကိုယ်အရှိအတိုင်း ရေးသားခြင်း၊ ဇာတ်အိမ်ဖွဲ့၍ တင်ပြခြင်း၊ ခံစားမှုကူးစက်စေရန် ဖန်တီး စွမ်းအားထည့်၍ သိုင်းဝိုင်းရေးသား ထားခြင်းတို့ကို စောဒကတက်သူတို့က ထောက်ပြကြသည်။

ကဗျာလင်္ကာအဖွဲ့ပင်ဖြစ်သော်လည်း ဦးပုည၏ သက်ရောက် ပြိုလ်စားအဟောတေးထပ်များသည်လည်းကောင်း၊ စိန္တကျော်သူ ဦးဩ၏ "ရောင်ခြည်ခြောက်ဆယ်၊ ဘဝင်္ဂကယ်၊ အံ့ဖွယ်ဆယ့်ရှစ်ဖြာ" စသော ကဝိလက္ခဏာသတ်ပုံသံပေါက်သည်လည်းကောင်း၊ ရှင်မဟာရဋ္ဌသာရ၏ "ဂမ္ဘီသာရပျို့"သည်လည်းကောင်း၊ အချက်အလက်များ တန်းစီ တင်ပြထားခြင်း ဖြစ်ကြသည်။ ထို့ကြောင့် ကဗျာလင်္ကာ အဖွဲ့အနွဲ့၏ သဘောသဘာဝအလျောက် အသံအားဖြင့် သာယာဖွယ် နှစ်သက်ဖွယ် ဖြစ်သော်လည်း အကြောင်းအရာအားဖြင့် သုတအလေးသာလျက်ရှိကြောင်းကိုလည်း ကိုးကား ဖော်ပြကြပါသည်။

စကားလုံးရွေးချယ်မှု၊ ပဒ၊ ဝါကျတည်ဆောက်မှု၊ ချိတ်ဆက် ဖော်ပြမှု၊ စကားတန်ဆာ၊ အနက်တန်ဆာတို့သည် သူ့နေရာနှင့်သူ့အထာ ရသရှိကြပါသည်။ စကားတန်ဆာ သဒ္ဒါလင်္ကာရ၊ အနက်တန်ဆာအတ္ထာလင်္ကာရ မြောက်အောင်ရေးသားခြင်းတို့သည် စာဂုဏ်မြောက်ပါသည်။ စာဂုဏ်မြောက်လျှင် စာ၏ရသဖြစ်ပေါ်သည်။ တစ်ဖန် ထိုစာရသက ဖော်ပြလိုသော အကြောင်းအရာ၏ လိုရင်းပန်းတိုင်ရသကိုလည်း မြူးကြွ ပေါ်လွင်စေပါသည်။ ကဗျာတွင်လည်း အသံ၊ ကာရံယူခြင်းကြောင့် သုတိသာမှု မဒုရတာဂုဏ်မြောက်သည်။ ဂုဏ်မြောက်သော အရေးအဖွဲ့တို့သည်လည်း ရသကို ဖြစ်စေ၊ ဖော်စေ၊ ပေါ်လွင်စေသော အကျိုးများ ရရှိနိုင်ကြောင်း တွေ့ရပါသည်။

ယင်းသို့ဖြစ်သောကြောင့် စာရင်းဇယားနှင့် မှတ်တမ်းများပင် အစီအစဉ်မတည့်လျှင် စိတ်အနှောက်အယှက် ဖြစ်ရ၏။ အစီအစဉ် တည့်လျှင် ဖတ်ရှုကြားနာရခြင်းအပေါ် နှစ်သက်ဖွယ်ဖြစ်၏။ နှစ်သက်ခြင်းအကြောင်းကြောင့် ခံစားမှု၊ သာယာမှုဖြစ်၏။ ရသအားကောင်းသော ကဗျာ၊ ဝတ္ထု၊ ပြဇာတ်တို့တွင်လည်း သုတရှိ၏။ ထို့ကြောင့် စာရေးသူက သုတပေးလိုသည်၊ ရသပေးလိုသည်ဆိုကာမျှဖြင့် သုတ၊ ရသခွဲရန်ထက် စာ၏ ပင်ကိုယ်အရှိကိုကြည့်ပြီး သုတလွန်ကဲသောစာ၊ ရသလွန်ကဲသောစာဟု ခွဲခြားခြင်းက ပို၍ သင့်မည်ဟု ယူဆပါသည်။

အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)